www.burmeseclassic.com

# အဖြူ

ကျွီခနဲမြည်၍ တဖြည်းဖြည်း ပွင့်လာလျှင် ပွင့်လာချင်းပင် ကြောက်ရွံ့ခြင်း ကင်းလျက် အလွန်ခန့်ညား တည်ကြည်သော အသွင်ရှိသည့် ယောကျ်ားပျို၏ ကိုယ်သဏ္ဌာန်သည် တံခါးဝတွင် မားမားမတ်မတ်ရပ်လျက် ပေါ်လာလေ၏။ အစေခံ မိန်းကလေးသည် လုံးလုံးပွင့်သွားသည်အထိဆွဲ၍ ဖွင့်ပြီးလျှင်ပြီးချင်း၊ တစ်ခုသော အခန်းဆီသို့ လျင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် ထွက်သွားတော့သည်။

ယောကျ်ားပျို၏ ကိုယ်သည် ရှေ့သို့တစ်လှမ်းမျှ မတိုးဘဲ၊ တံခါးဝ၌ မားမားမတ်မတ်ရပ်နေသည် မှန်သော်လည်း သူ၏မျက်လုံးများသည် အိမ်ထဲရှိ အခင်းအကျင်းများ၊ ပန်းချီကားများ၊ ဓါတ်ပုံများဆီသို့ လျင်မြန်စွာ ရောက်သွားကာ၊ တစ်ခုသော ဓါတ်ပုံကားကြီးပေါ်တွင် စူးစိုက်ရစ်ဝဲလျက် နေလေ၏။ စောစောကပင်လျှင် ကြည့်ခဲ့ရာတွင် သပ်သပ်ရပ်ရပ် လှလှပပပြုပြင်မွမ်းမံထားသော အခင်းအကျင်းများသည် အလွန်ကျက်သရေ ရှိလှပြီဟု အောက်မေ့မိသော်လည်း အခန်းကြီးတစ်ခန်းလုံးတွင် ဤဓါတ်ပုံကားကြီးလောက် မည်သည့်အရာမျှ ကျက်သရေမရှိ။ ဤအခန်းကြီးတစ်ခုတည်းတွင် သာလော၊ နိုင်ငံတော်တစ်ဝှမ်းလုံး ကမ္ဘာလောကဓါတ်တစ်ခုလုံးတွင် တုဘက်မရှိ၊ ကျက်သရေအတိဖြင့် ပကတိ ဖိတ်ဖိတ်ဝေဖြိုးလက်နေသည်ဟု အောက်မေ့မိလေ၏။

အနောက်နိုင်ငံမှ ပန်းချီကျော်ကြီးများ ရေးဆွဲသွားသည့် အလှဘုရင်မလေးများကိုလည်း မြင်ဖူး၏။ နိုင်ငံတော်မှ ဦးထွန်းကြွယ်၊ ဦးဘလုံ၊ ဦးအုံးလွင် စသည့် ပန်းချီကျော်ကြီးများရေးဆွဲကြသည့် ချောထိပ်ခေါင်တင်များ၏ ကားတို့ကိုလည်း အရာထောင်မြင်ဖူးခဲ့၏။ သို့သော် မိမိယခုမြင်တွေ့ကာ မျက်စိအရသာခံ၍ မဝနိုင်အောင် ဖြစ်နေရသော ဓါတ်ပုံကားကြီးနှင့်စာသော် ထိုကားထိုကားများမှာ အလှကိုသာဆောင်၏။ သို့သော် ဤဓါတ်ပုံကားကြီးကဲ့သို့ ကြည်လင်သော ကျက်သရေကိုကား မဆောင်နိုင်ရှာကြဘဲ၊ ပကတိလန်းဆတ်သော နှင်းဆီပွင့်ကလေးနှင့် စက္ကူနှင်းဆီပန်းများ တစ်ခုနှင့်တစ်ခု ကွာလှမ်းလှသကဲ့သို့ ကွာလှမ်းလှသည်ကို တွေ့မြင်ရလေ၏။ ဤသို့တွေ့မြင်ရလေလေ ကြည့်မဝနိုင်အောင်ဖြစ်ကာ ပိုမို စူးစိုက်ကြည့်မိလေလေ ဖြစ်နေတော့ပေ၏။

ဓါတ်ပုံကို စူးစိုက်ကြည့်ရှုနေသော မျက်စိအလင်းထဲသို့ အောက်ဖက်ဆီမှ တစ်စုံတစ်ရာသော သဏ္ဌာန် လှုပ်ရှားဝင်ရောက်လာသည့်အတွက် အောက်ဖက်သို့ လှမ်းကြည့်လိုက်ရာ ဓါတ်ပုံရှင်ကိုယ်တိုင် ဓါတ်ပုံအောက်ရှိ ကြမ်းပြင်ပေါ်တွင် မိမိအား မျက်နှာမူလျက် ရပ်တန့်ရောက်ရှိနေသည်ကို မြင်ရလေ၏။ အသက် ၂၀ နှင့် ၂၃ နှစ်အတွင်းလောက်မှာ ရှိသဖြင့် အလှအယဉ် စည်ပင်ဖွံ့ဖြိုးလျက် အစွန်းကုန် အလှမိုးရွာချနေလေ၏။ မျက်လုံးများမှာ လျှံဝင်းတောက်ပ လွန်စွာလှပလျက် အထူးသိမ်မွေ့ခန့်ညားသည့် ကျက်သရေ ရောင်ဝါကို တဖိတ်ဖိတ်တပြက်ပြက်လက်၍ ပြနေလေ၏။ သေးငယ်သော နှုတ်ခမ်းမှာ သန္တာနီသွေး နှင်းဆီရောင် ရေးခြယ်ထားသည့်အလား နီမြန်းသော ပန်းဖတ်နုကလေးသဖွယ် ဖြစ်နေလေ၏။ ကိုယ်လုံးကိုယ်ထည်မှာ ပန်းပုဆရာများငေးမောရလောက်အောင် အချိုးအဆစ် ကျစ်လျစ်ပြေပြစ်သည့်အလှတုံး အလှခဲကလေး ဖြစ်လေသည်။ ဆံပင်မှာလည်း ပိတုန်းရောင်မခြား နက်မှောင်၍ နေလေရာ ညီညာသော မျက်နှာပြင်ပေါ်၌ သွယ်တန်းမို့မောက်နေသည့် အလွန်လှပသော နှာတံဖြူကလေးကို ပိုမိုပေါ်လွင်အောင် ကျောထောက်နောက်ခံအားပေးနေသကဲ့သို့ မှတ်ထင်ရလေသည်။

ယောကျ်ားပျို၏ စိတ်၌ ထိုမိန်းမပျိုအား ဓါတ်ပုံထဲတွင်လည်းကောင်း၊ အခြားပွဲလမ်းသဘင် အခမ်းအနားများမှာတွင်လည်းကောင်း၊ မြင်ရသည်ထက်ပင် ပိုမို၍ စက်စက်ယိုလှနေသည်ဟု မှတ်ထင်ရလေ၏။ ယောကျ်ားပျိုသည် ရှေ့သို့ ခြေနှစ်လှမ်းမျှတိုး၍ ဝင်အလာမှာ မိန်းမပျိုသည် ကိုယ်သည် ယိမ်းရုံကလေးမျှ ကိုင်းညွတ်လျက် ရီဝေသော မျက်လုံးများနှင့် ပြုံး၍ နှုတ်ဆတ်လေသည်။

“ ကိုမြတ်စိုးကို မော်လမြိုင်က ထွက်လာဖို့ အဖြူမှာတာသိပြီ မဟုတ်လား ”

“ သိပါပြီ အဖြူ၊ ကိုမြတ်စိုး သိပါပြီ၊ စောစောက ကိုမြတ်စိုး စိတ်ထဲမှာ မျှော်လင့်ချက်တွေ တစ်ပုံတစ်ခေါင်းကြီးနဲ့ဖြစ်နေပေမယ့် အဖြူ အခုလို တွေ့တွေ့ချင်းမေးတာနဲ့ကိုပဲ ကိုမြတ်စိုး သိပါပြီ၊ ဒါပေမယ့်လဲ ချစ်သူတို့သဘာဝ အချစ်ကိုသာ မြင်တတ်တာကိုး အဖြူ၊ ဒီတော့ယုံစားမိတာပဲ၊ အခုအဖြူမျက်နှာကို မြင်ရလို့တော့ လာခဲ့ရတာ အချည်းနှီး မဖြစ်ပါဘူး ”

“ မှန်ပါတယ် ကိုမြတ်စိုး၊ ကိုမြတ်စိုး အခု လာပြန်တော့ အဖြူ ဘယ်သူအတွက် အတွေ့ခံတယ်ဆိုတာ ကိုမြတ်စိုး သိပါလိမ့်မယ်၊ တစ်ယောက်နဲ့ တစ်ယောက် နီးစပ်လို့ မရတဲ့ ဘဝမျိုးမှာ နေကြတာမို့ အခုအထိ နီးကြဖို့ နည်းလမ်းကို မမြင်သေးတာ ပြောချင်တဲ့အတွက် အတွေ့ခံတာပါ။ ဒီဟာမျိုးကို ကြံကောင်းတယ် ထားပါဦး၊ မတော်တဲ့အလုပ် အဖြူမှာဖြစ်နေလို့ နောက်ထပ်မတွေ့ကြဖို့ ထပ်ပြီး တောင်းပန်ချင်တာပါပဲ ”

“ ပြောပါ အဖြူရယ် ပြောပါ၊ အဖြူပြောတဲ့ စကားဟာ ဘယ်လောက် တင်းရင်းခက်မာနေနေ သိပ်ပြီး သာယာချိုအေးတဲ့ အသံကလေးနဲ့ ပြောတာကိုပဲ ကိုမြတ်စိုး စိတ်ကို ဖြေဖျော်ရာဖြစ်နေတယ် နီးဖို့နည်းလမ်း မမြင်သေးလို့ ဆိုတာလဲ နီးလို့ရနိုင်ရင်ဆိုတဲ့ အဓိပ္ပါယ်တွေအများကြီးပါဝင်တယ်လို့ ယူဆတာပဲ ”

‘ ကိုမြတ်စိုးကို ချစ်ပါပြီလို့ တစ်ခါမှ ဝန်မခံသေးတာလဲ သတိထားပါဦး ”

“ ကိုမြတ်စိုးကို မချစ်နိုင်ဘူး၊ မုန်းတယ်ရယ်လို့ အခုအထိတစ်ကြိမ်တစ်ခါမှ မကြားရသေးပါဘူး၊ ကိုမြတ်စိုးရဲ့

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဟာ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်ဝေးကွာနေပေမယ့်လဲ ဘယ်တော့မှ မဝေးနိုင်တဲ့ အချစ်မေတ္တာမို့ အသည်းနလုံးမှာ စွဲမြဲနေခဲ့ပါတယ်။ တစ်နှစ်က အဖြူကို တွေ့ရကတည်းကစပြီး အချစ်ကြောင့် ထင်ခဲ့မြင်ခဲ့ရတဲ့ အာရုံတွေဟာ အခုထိ မပျောက်ပျက်ပါဘူး၊ အဲ့ဒီတုန်းက အဖြူဝတ်စားထားတဲ့ အဝတ်အစားတွေကိုတောင် အခုမြင်ရသလို ထင်ထင်ရှားရှား စွဲနေတယ်၊ အခုတစ်ခါ တွေ့ပြန်တော့လဲ ဟိုတုန်းကထက် အဆပေါင်းများစွာ ကိုမြတ်စိုးရဲ့ နှလုံးကို ကျွမ်းလောင်ပြီး အသည်းထိအောင်ခိုက်လွန်းလို့ ငြိမ်းဖို့နည်းလမ်းမရှိအောင် ဖြစ်နေပါတယ်၊ ဒါလောက် စွဲမြဲကြံ့ခိုင်တဲ့ အချစ်ထားတဲ့ လူတစ်ယောက်အပေါ်မှာ အချစ်မဝင်ဘဲ နှင်တာများ အဖြူရက်စက်ရာ ကျလှပါတယ် ”

မိန်းမပျိုမှာ လက်ချင်းယှက်၍ ဆုပ်ပြီး၊ ခေါင်းကိုအောက်သို့ စိုက်ထားကာ တစ်စုံတစ်ရာကို ဝမ်းနည်းစွာတွေး၍ နေသကဲ့သို့ ဆိတ်ငြိမ်စွာသာ ရပ်၍ နားထောင်နေလေ၏။

“ တွေ့ကြတုန်းက အဲဒီညကို မှတ်မိသေးရဲ့လား အဖြူ ”

“ ဒီအကြောင်းတွေ မပြောပါနဲ့တော့ ကိုမြတ်စိုး ” ဟု မျက်နှာကလေး နီမြန်းကာ ပြောလေ၏။

“ သြော်... အဖြူက မကြားချင်ပေမယ့် ကိုမြတ်စိုးအဖို့တော့ အဲဒီညဟာ မမေ့နိုင်ဘဲ အသာယာဆုံးည၊ မင်္ဂလာအရှိဆုံး၊ အထူးဆုံး၊ အမြတ်ဆုံးညပဲ၊ အဖြူလဲမှတ်မိပါလိမ့်မယ်၊ ကိုမြတ်စိုးနဲ့ အဖြူနှစ်ယောက်တည်း တစ်ခဏကလေးနေရခိုက်မှာ အဖြူရဲ့ လက်ကလေးကို ကိုင်လိုက်ရတာ ကိုမြတ်စိုး တစ်ကိုယ်လုံးကို သိမ့်သိမ့်ကို တုန်သွားခဲ့ပါတယ်။ ဒီတုန်းက နတ်ပြည်ရောက်ရသလောက် ပီတိဖြစ်ပြီး ခံစားရတဲ့ စည်းစိမ်ဟာ ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ အဖြူသိစေချင်စမ်းပါ ဘိတယ်၊ အဲဒီညက တွေ့ရသလို တစ်ကြိမ်ထပ်ပြီးတွေ့ရရင် အသက်နဲ့တောင် လဲဝံ့ပါရဲ့ ဒီတုန်းက အဖြူက မပြန်ပေမယ့် အချစ်ကပြန်တာတော့ ကိုမြတ်စိုး ဒိဋ္ဌသိခဲ့ရတာပဲ ”

“ အဲဒီညက အချိန်ကာလ နေရာကလေးကလဲ သိပ်ပြီး သာယာတာကိုး ပြီးတော့လဲ ကိုမြတ်စိုးရဲ့ သိပ်မွန်မြတ်တဲ့ အမျိုးကို ချစ်တဲ့စိတ်နဲ့ ပြောသွားတဲ့ နိုင်ငံရေး တရားတွေကလဲ လက်ဝါးပေါ်မှာ တစ်ခုဆီ တင်ပြသလို သိပ်ရှင်းတာမို့ ကိုယ့်နိုင်ငံအတွက် ကိုယ်အားကိုးလောက်သူ တစ်ယောက်ပဲရယ်လို့ အားလဲထားတယ်၊ ယုံလည်းယုံကြည်တယ်၊ ကြည်လဲကြည်ညိုတယ်၊ အဲဒီတုန်းမှာ နောက်ဆုံးပြောတဲ့ ချစ်တယ်ဆိုတဲ့ စကားကို အဖြူမကြားမိလိုက်ဘဲဆွဲလိုက်တဲ့ လက်ကလေးကို ရုတ်တရက်မဖယ်မိအောင်ဖြစ်သွားပါတယ် ”

“ မှန်တယ် အဖြူ၊ ကိုမြတ်စိုး တသက်မှာ သေသေရှင်ရှင် စွန့်စားဖို့အရေးဟာ နိုင်ငံရေးသာ ပထမလို့စွဲစွဲမြဲမြဲကြီး အောက်မေ့ခဲ့တာပဲ။ အဖြူကို ချစ်တဲ့အရေးက နောက်မှ ပေါ်လာပေမယ့် အခုတော့ ပထမဖြစ်နေပါပြီ၊ သည်လိုဖြစ်တာဟာ ဘယ်အချစ်က ပိုတယ်ဆိုတာ ပြတာပါပဲ၊ သည်လောက်ထက်သန်တဲ့ အချစ်ကို ကိုမြတ်စိုး ထင်တယ် ဘယ်မိန်းမမှ တွေ့ခဲ့ဖူးမယ် မဟုတ်ဘူး။ နိုင်ငံကြီးကို ချစ်တဲ့အချစ်ဟာ အဖြူတစ်ယောက်ကို ချစ်တဲ့အချစ်နဲ့ ဆိုတော့ပေါ့သွားပြီး အဖြူ အချစ်ဘက်က သာတယ်ဆိုတာ ဘယ်လိုလဲ စဉ်းစားသာ ကြည့်ပါတော့ အဖြူရယ်၊ တစ်ယောက်အတွက် မေတ္တာဟာ တစ်နိုင်ငံလုံးအတွက် မေတ္တာနဲ့ ညီတယ်ဆိုတာတောင် နိုင်ငံရေးဘက်မဟာ အပြစ်ကြီးတစ်ခုဖြစ်နေပါပြီ အဖြူ ”

“ ကိုမြတ်စိုး အဖြူအပေါ်မှာ မေတ္တာကြီးကြောင်း ဖော်ပြတဲ့ သက်သေခံတွေက အလွန်ကြီးမားတဲ့ ပြစ်မှုကြီးတွေပါကလား ကိုမြတ်စိုးရဲ့၊ ကိုမြတ်စိုးကို ချစ်ရမှာ အဖြူဖြင့် အင်မတန်မှ စဉ်းစားစရာကြီး ဖြစ်နေပါပြီ ”

“ ဘာပြုလို့လဲ ဖြူက သိပ်ပြီး အရေးပါ အရာရောက်တဲ့ ဘုရင်ခံရဲ့ ပြည်ထဲရေးဝန်ကြီးရဲ့သမီး... ကိုမြတ်စိုးကတော့ တော်လှန်မယ့်သူပုန်လောင်းမို့ စဉ်းစားဖို့ ”

“ အို... အို... ဒီလို အဖြူ့ကို နှိပ်စက်မပြောချင်ပါနဲ့ ကိုမြတ်စိုးကို ဖြူ သူပုန်လို့ မစွပ်စွဲရပါလား၊ ကိုယ့်အမျိုး ကိုယ့်တိုင်းပြည်ကို အောက်ကျနောက်ကျဖြစ်နေတာကို သူများတွေနဲ့ ရင်ဘောင်တန်းဖြစ်အောင် မြှင့်ချင်တဲ့လူကို အဖြူသူပုန်လို့ ဘယ်မှာ စွပ်စွဲနိုင်မလဲ၊ ကိုမြတ်စိုးပဲဖြစ်ဖြစ် ဘယ်ယောကျ်ားပဲဖြစ်ဖြစ် ဒီလို စိတ်ထားရှိတဲ့ လူတိုင်းကို ဖြူအင်မတန်မြတ်နိုးပါတယ်၊ အင်မတန်ပဲ လေးစားပါတယ်၊ ဖြူ့အဖေက ဘယ်လိုပဲ ပြည်ထဲရေးဝန်ကြီးဖြစ်နေပါစေ၊ ဖြူပိုင်တဲ့စိတ်ဟာ ဖြူ့စိတ်ပါပဲ၊ ဖြူ့စိတ်ကို အဖေမပြောနဲ့ သိကြားတောင် အစိုးရပိုက်ခွင့် မပေးပါဘူး၊ ပြစ်မှုကြီးပါလား ဆိုလိုက်တာဟာလဲ မြတ်နိုးရမယ့် နိုင်ငံရေးနောက်၊ အချစ်က အရင်လို့ ပြောတာကို မဝံ့လွန်းလို့ ပြစ်မှုကြီးလို့ပြောတာပါ၊ ကိုမြတ်စိုး အမျိုးကို ချစ်သလို ဖြူလဲ ချစ်ပါတယ်။ သူများတိုင်းပြည်တွေကို မြင်ရလေလေ၊ ဖြူ့အမျိုးကို ပိုပြီး သနားလေလေ ချစ်လေလေပဲ၊ အခု အုပ်စိုးနေပုံကို ဖြူက ပြည်ထဲရေးဝန်ကြီး သမီးမို့ အတွင်းကျကျ သိရလေလေ၊ သူတို့အုပ်ချုပ်ရေးကို ဖြူသဘောမကျလေလေပါပဲ၊ ဒါပေမယ့် အခု ကိုမြတ်စိုးရဲ့ အရေးမှာတော့ ဖြူ့စိတ်ကိုဖြူပိုင်ပေမယ့် ဖြူ့ခန္ဓာကိုယ်ကို အဖေက ပိုင်နေတော့ အစိုးရကိုတော်လှန်မယ့် အတိုက်အခံ ခေါင်းဆောင်တစ်ဦးကို ဖြူက စိတ်ရော ကိုယ်ရော အပ်နှင်းလိုက်တယ်လို့ ဖြူ့အဖေပြည်ထဲရေးဝန်ကြီးရဲ့ နားကို ကြားဖို့ရာတော် မတော်ဖြူ့ဖက်ကလဲ ကြည့်ပြီး စဉ်းစားပေးပါဦး ကိုမြတ်စိုး ”

ယောကျ်ားပျိုလည်း အနည်းငယ် ငြိမ်သက်နေပြီးမှ...

“ စစ်အရိပ် စစ်အငွေ့တွေလဲ သန်းနေပါပြီ၊ ကမ္ဘာ့အရေးမြည်မာပြည်အရေး အခြေအနေတွေကလဲ တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားပါလိမ့်မယ်၊ ဒီလိုများ ပြောင်းလွဲသွားရင် အခုကိုမြတ်စိုးကို အချစ်ဦး အချစ်ဆုံးချစ်ပါပြီပဲရယ်လို့ အချစ်ကို ဇကန်အပ်နှင်းမယ်ဆိုရင် အခု အတင်းအကျပ် မတိုက်တွန်းဘူး၊ ဘယ့်နှယ့်လဲ အချစ်ရယ် ”

ဖျူ့မှာ ရင်တစ်အုံလုံး ဒိတ်ဒိတ်ခုန်၍ နေလေ၏။ ဆိုခဲ့စေ မြဲစေဆိုသည့်အတိုင်း မိမိပေးရမည့် ကတိကို မိမိနိုင်မှ နိုင်ပါမည်လားဟု ကြိုတင်စိုးရမ်ခြင်း ပြင်းပြလှသဖြင့် ရုတ်တရက် မဖြေနိုင်ပဲ ဖြစ်နေရာမှ “ စိတ်ချသွားပါတော့ ကိုမြတ်စိုး ” ဟု အသံမှန်မှန်နှင့် လေးလေးကြီး ပြောလိုက်ရာ... ။

“ ဖြူ... ဖြူ... တကယ့်ကိုပဲနော် တကယ့်ကို ကိုမြတ်စိုးဝမ်းသာလိုက်ပါဘိတော့၊ ကိုမြတ်စိုး ဝသုန္ဓေကို

www.burmeseclassic.com

www.burmeseclassic.com

အစောင့်အပ်ခဲ့မယ်၊ ကောင်းကင်နဲ့ မြေကြီးလိုပဲ ဘယ်တော့မှ ပြောင်းလဲပြိုပျက်ခြင်း မရှိရဘူးနော် ကိုမြတ်စိုး မသေရင် စစ်ဖြစ်လို့အခြေအနေသာခဲ့ရင် ဖြူ့ဆီကို ကိုမြတ်စိုးတစ်ခါတည်း တန်းလာခဲ့မယ်။ ဒီလိုတွေ့ဖို့ အရေးအတွက် ကမ္ဘာကို မှောက်လှန်ရလောက်အောင် ပင်လယ်လောက်ကြီးတဲ့ အနှောက်အယှက် အခက်အခဲပဲ တွေ့တွေ့လာဖြစ်အောင် အရောက်လာမယ်၊ ဒီအတွင်း ကိုမြတ်စိုးရဲ့ အကြောင်းကိုလဲ ဖြူမကြာမကြာကြားရပါစေမယ်၊ သွားတော့မယ် ဖြူ ကိုမြတ်စိုးကိုယ်မှာ အဆောင်ထားရအောင် ဖြူဆင်မြန်းထားတဲ့ဟာ တစ်ခုခုကို လက်ဆောင်ပေးပါလား ”

“ ဒီလိုဖြင့် ခဏနေပါဦး ”

မိန်းမပျိုသည် မိမိကိုယ်အတွင်းတွင် လက်ဆောင်အဖြစ်အမြဲဆွဲ၍ ထားသော ရွှေလက်ဖွဲ့ကလေးကို ချွတ်၍ ပေးလိုက်သည်။

“ အမှတ်တရ မကွဲမကွာ ဆောင်ထားရမယ်နော် ”

“ အို... စိတ်ချအဖြူ ကိုမြတ်စိုး ဘယ်တော့မှ မခွဲဘူး ”

ယောကျ်ားပျိုသည် လက်ဖွဲ့ကလေးကို အသာယာယူ၍ မိမိ၏ ရုပ်အင်္ကျီအတွင်းအိတ်ထဲသို့ ထည့်လေ၏။

မိန်းမပျိုလည်း မိမိလက်ဖွဲ့ကလေးကို မည်မျှ ယုယုယယ ကိုင်တွယ်၍ ထည့်သည်ကိုကြည့်ကာ ကျေနပ်သလို ဟာတာတာဖြစ်နေသလိုလို ဖြစ်နေလေသည်။

လက်ဖွဲ့ကလေးကိုပင် ဤမျှလောက် ယုယစွာ ကိုင်တွယ်လျှင် မိမိ၏...

“ ဖြူ ကိုမြတ်စိုးကို လက်ကလေးနှစ်ဖက် သနားပါ ”

မိန်းမပျိုသည် ဆက်၍ မတွေးနိုင်၊ ရုတ်တရက် ခွန်အားဆုတ်ယုတ်သွားသကဲ့သို့ ဖြစ်ကာ အားအင်ယိုင်နွဲ့၍လာသဖြင့် နံရံ ကိုမှီလျက် မျက်လုံးများမှိတ်ကာ လက်နှစ်ဖက်ကို ဆန့်တန်း၍ ပေးမိလေ၏။

ယောကျ်ားပျိုမှာ လက်ဖွဲ့ကလေးကို ကိုင်တွယ်စဉ်က ညင်သာသလောက် လက်ကလေးနှစ်ဖက်ကို စိတ်အားရှိသမျှ မချိမဆံ့ကြီးလှသော အာသာဆန္ဒနှင့် ဝဝကြီး အပြန်အလှန် ကိုင်တွယ်နမ်းရှုံပြီးလျှင်

“ သွားပြီ ဖြူ ကိုမြတ်စိုး တစ်နေ့ကျရင် အဖြူ့ဆီကို ပြန်လာမယ်၊ ဒီတစ်ခါတော့ ကိုမြတ်စိုး ဒီလက်ကလေးနှစ်ဖက်ထက် အဖြူကိုယ်လေးတစ်ခုလုံးကို ရပါစေနော် ” ဟု ပြောပြောဆိုဆို တစ်ရှိန်တည်းနောက်သို့ လှည့်၍ ထွက်သွားလေတော့သည်။

ထိုအချိန် ထိုအခါ သမယ ရန်ကုန်မြို့ကြီးအား အထူးလှုပ်ရှား၍ နေလေ၏။ စစ်ရေးစစ်ရာ စစ်ရိပ်စစ်ငွေ့မှာလည်း အစိုးရအဖွဲ့ကြီး တစ်ခုလုံးကိုလည်းကောင်း၊ ကုန်သည်ကြီး ကုန်သည်ကလေး စသည့်အပိုင်းတို့၌လည်းကောင်း၊ ကျောင်းသူကောင်းသားအလုပ်သမား လောကမျှ မကျန် မှောင်ချတော့မည့် အရိပ်အသွင်ပြ၍ နေသဖြင့် မည်သည့် အပိုင်း မည်သည့်ဌာနမဆို လှုပ်လှုပ်ရှရှ ဖြစ်၍ နေလေသည်။

°တိတ်တဆိတ်ကြိတ်၍ ရန်ကုန်မြို့ကြီးမှ ပြောင်းကြရွှေ့ကြသည်မှာလည်း နေ့နှင့်အမျှ ရထားတိုင်း သင်္ဘောတိုင်းပြည့်သိပ်၍ နေလေတော့သည်။

ထိုအခါတွင် ဘုရင်ခံလည်း တစ်ချက်လွှတ် ကာကွယ်ရေး ဥပဒေထုတ်၍ ပြည်ထဲရေးဝန်ကြီးအား မသင်္ကာသော လူအမျိုးမျိုးတို့ကို ဆွဲခိုင်းလေ၏။ သတင်းစာ အသီးသီးတို့တွင်လည်း မည်နာမနှင့်တကွ တွေ့ရှိရာ ဆုငွေမည်မျှဟု နိုင်ငံရေးသမားပျောက်ကြော်ငြာကို ထည့်နေလေ၏။

ထိုကြော်ငြာကို မြင်ရဖတ်ရသော အဖြူမှာ ရယ်လည်းရယ်ချင်၏။ ငိုလည်း ငိုချင်၏။ ရယ်လိုခြင်းမှာ အစိုးရတပ်တစ်ဖွဲ့လုံး၏ ညံ့မှုကိုတွေး၍ ရယ်လိုပြီး ငိုချင်ခြင်းမှာ ထိုကြော်ငြာတွင်ပါသောပျောက်သူမှာ မိမိချစ်မည့်သူ ကိုမြတ်စိုးပင် ဖြစ်နေသောကြောင့်ဖြစ်လေသည်။

ဘယ်လိုများ ထွက်သွားပါလိမ့်၊ ကိုမြတ်စိုးအကြောင်းကိုမကြာမကြာ ကြားရပါစေမယ်ဆိုတာ အခုဖြင့် ဝမ်းသာရမလား ဝမ်းနည်းရမလား မသိအောင်ကြာလှပြီ၊ ကိုမြတ်စိုး အမျိုးကို ချစ်တဲ့ ကိုမြတ်စိုးကြီး ကြံတိုင်းပေါက်လို့ထင်တိုင်းမြောက်ပါစေ၊ အသိရခက်တဲ့ လူနက်နဲကြီးရယ်၊ အဖြူ စိတ်မအေးလိုက်ပါဘိတော့ဟု ညည်းညူရင်း လက်ကိုသာ ရက်ချိုး၍ နေမိလေသည်။

အလွန်တရာခံ့ညားထယ်ဝါသော အတွင်းဝန်ရုံးကြီးအတွင်းရှိ ပြည်ထဲရေးဝန်ကြီး၏ အလုပ်ခန်းဆောင်သည် လူဝင်လူထွက် မပြတ်မလပ်နှင့် အလွန် အလုပ်များလျက် ရှိနေလေ၏။

လက်မှတ်ထိုးစရာ ဖိုင်တွဲများ အမိန့်များမှာလည်း စားပွဲနှင့် မဆံ့ဖြစ်နေလေသည်။ ဝန်ကြီးမှာ အသက်ခြောက်ဆယ်နီးပါးမျှရှိသော်လည်း အနောက်နိုင်ငံတို့၏ ဓလေ့ကို အလွန်နှစ်သက်လိုက်နာသဖြင့် လူကြီးအရွယ်ရောက်နေခြင်းမှ တစ်ပါး အိုမင်းသည့်အသွင်မရှိပေ။ ၎င်းကျက်သရေဂုဏ်နှင့် ခံ့ညားခြင်းမှာ မည်သည့်ပရိသတ်၊ မည်သည့်နေရာမျိုးတွင်မဆို မမှုပ်မတိမ် ထင်ပေါ်လှလေသည်။

စိတ်သဘောထားတည်ငြိမ်သည့် အမူအရာကို ၎င်း၏ နဖူးနှင့် မျက်သိက ပြတ်သားစွာ အာမခံနေကြလေရာ ၎င်းအား ဘုရင်ခံက အထူးအားထား ကိုးစားခြင်းသည် အဆန်းမဟုတ်သကဲ့သို့ ဖြစ်လေသည်။

အနောက်နိုင်ငံသားတို့၏ အသုံးအနှုန်းကို သိနားလည်ခြင်း၌ အမြင့်ဆုံးသောပုဂ္ဂိုလ်များ၏ အဆင့်အတန်းကို မီရုံမက သာလွန်၍ပင် နေသေးလေသည်။

အစိုးရပေါ်တွင် ဖြောင့်မတ်တည်ကြည်ခြင်းမှာလည်း အပြစ်မြူမှေးမရှိအောင် ဖြူစင်ခဲ့သူ တစ်ယောက်ဖြစ်သည်။ ဘုရင်ခံသည် ယခုလို တိုင်းပြည် လှုပ်လှုပ်ရှရှ ဖြစ်နေချိန်မျိုးတွင် ၎င်းအား အထူးလူယုံတော် ထားနေရလေသည်။ ဆင်ဆာဘက်မှ ရုံးဝန်ထောက်က တွေ့လိုပါကြောင်းနှင့်အတွင်းဝန်က အခွင့်လာတောင်းရာ ခေါင်းညိတ်လိုက်လေသည်။ ထိုအချိန်တွင် ဝန်ကြီးမှာ များစွာ စိတ်လက်ရှုပ်ထွေး၍ အလုပ်များနေခိုက် ဖြစ်လေသည်။ သို့သော်လည်း ရုံးဝန်ထောက်

www.burmeseclassic.com

www.burmeseclassic.com

ဦးညွတ်နှုတ်ဆက်လိုက်သောအခါ ပြုံးရွှင်ကာ နှုတ်ဆက်လေသည်။
ထို့နောက် ရုံးဝန်ထောက်အား ခေတ္တသည်းခံ စောင့်ဆိုင်းဖို့ရန်ပြောပြီး တံခါးဝသို့သွား၍ အတွင်းဝန်ကိုခေါ်လေသည်။
အတွင်းဝန်လည်း နောက်ပါလူတစ်ယောက်နှင့်အခန်းထဲသို့ဝင်ရောက်၍လာကြလေ၏။ တံခါးကိုလည်း ပိတ်ခဲ့လေသည်။
ဝန်ကြီးလည်း ခက်ထန်သော မျက်နှာထားနှင့် ၄င်းတို့ရှေ့တွင် အပြန်အလှန် လမ်းလျှောက်ကာ
စကားမပြောဘဲနေလေသည်။
ထိုသို့ သုံးလေးကြိမ်လျှောက်ပြီးမှ ၄င်းတို့ရှေ့တည့်တည့်မှာ မတ်မတ်ရပ်ပြီးလျှင်
" မနေ့က ဘုရင်ခံ ဘယ်လို အမိန့်ရှိတယ်ဆိုရာ သိရဲ့လား "
ဟု ပြောလေသည်။
အတွင်းဝန်နှင့် ပါလာသူက မသိကြောင်းကို ရိုသေခန့်ညားစွာ ပြောလေရာ ဝန်ကြီးက–
" ဘုရင်ခံက မြန်မာပြည်က စုံထောက်အဖွဲ့ကို ဂျပန်ပြည် စုံထောက်အတတ်သင်ကျောင်းမှာ ခဏထားလို့ရရင်
ထားချင်တယ်တဲ့၊ ဘာမဆို ဖြစ်ပြီးမှ သိလိုက်တာချည်းပဲတဲ့၊ အဆက်အသွယ်တွေဆိုတာကလဲ နေ့ရှိသမျှရှိနေတာ၊
တကယ့်ထိတ်ထိတ်ကြဲအစိုးရပိုင်းတွေက သစ္စာဖောက်နေလို့ မပေါ်ပေါက်နိုင်တာလားတဲ့၊ ဒီမေးခွန်း
ပေါ်ပေါက်လာတာဟာ ခံကိုမခံနိုင်ဘူး။ သစ္စာဖောက်မယ့်သူ၊ မသင်္ကာတဲ့သူမျိုး ဘယ်အရာရှိပိုင်းကမဆိုတွေ့ရင်
မကွယ်မဝှက် မထိတ်မချန် သိချင်တယ်၊ အထူးစုံစမ်းပါ၊ ဒါပါပဲ "
ဝင်လာသော အရာရှိလည်း အမိန့်ကို အထူးကျိုးနွံမည့်အမူအရာနှင့် " ကြိုးစားပါ့မယ် " ဟုပြော၍ အရိုအသေပေးကာ
ထွက်သွားလေသည်။
ဝန်ကြီးလည်း မိမိကုလားထိုင်ကို ပြန်ထိုင်မည့်ဟန်ပြင်မှ စောစောက ဝင်လာသူကိုမြင်ပြီး
" သြော် မေ့နေတယ်၊ အလုပ်က အင်မတန်များတယ်။ ကိစ္စကိုမြန်မြန်ပြောပါ၊ ကျုပ် အချိန်ကို ကျုပ်မပိုင်ဘူး " ဟု
အင်္ဂလိပ်ဘာသာဖြင့်ပြောလေသည်။
ထိုသူကလည်း ဝန်ကြီး၏ စားပွဲရှေ့သို့တိုးကာ မိမိ၏ အိတ်ထဲမှ စာတစ်စောင်ထုတ်ယူပြီး ထိုစာသည် ဝန်ကြီးက
တစ်ဆင့် မိန်းကလေးတစ်ယောက်ထံ ပေးသောစာဖြစ်သော်လည်း ဆင်ဆာဘက်မှ အလုပ်လုပ်သော
စာရေးတစ်ယောက်မှား၍ ဖောက်ပြီး မိမိအား လာပြသဖြင့် ထိုစာကို မိမိဖတ်ပြီး သကာလ မည်သူ့ကိုမျှ မပြဘဲ
ဝန်ကြီးထံသို့ ယူလာကြောင်း စီကာပတ်ကုံးပြောပြီးလျှင် စာကို ဝန်ကြီးအားလှမ်း၍ ပေးလေသည်။
ဝန်ကြီးလည်း အံ့အားသင့်ရာမှ တစ်ဖန် မျက်မှောင် ကြုတ်ပြီးလျှင် အဘယ်ပုံ ထူးခြားမည်ကို သိလိုခြင်း
ထက်သန်လှသော ဇောနှင့်ဖွင့်၍ ဖတ်လေ၏။ စာမှာကား…

အဖြူ
ကိုမြတ်စိုးတော့ သွားပြီ၊ အဖြူနဲ့တွေ့ပြီး အဖြူလိုလားတဲ့ နိုင်ငံရေးကိုလုပ်ရန် ရှေးဦးစွာ ဆုံးဖြတ်ပြီး ကိုမြတ်စိုး
မြန်မာပြည်က ထွက်ခွာ သွားပါပြီ၊ ကိုမြတ်စိုးရဲ့ အချစ်ပန်းကို အာကာသကောင်းကင်မှာ ဆွဲချိတ်ထားခဲ့သလို အဖြူရဲ့
အချစ်ရတနာကိုလဲ ဝသုန္ဓေ ဩမြေကြီးမှာ မြှုပ်နှံ၍ထားပါ၊ ဘယ်ရန်သူမျိုးမှ တိုက်ယူနိုင်လိမ့်မည် မဟုတ်ပါဘူး၊
စာရှည်ရှည်ရေးဖို့ အချိန်မရဘူး အဖြူ၊ ကိုမြတ်စိုး လူချင်းခွဲကာနီးနောက်ဆုံးပြောတဲ့ စကားကို အမြဲသတိရ၍
အချစ်ကို ယုံစားပြီး စောင့်ပါနော်။

မြတ်စိုး

ဝန်ကြီးမှာ တစ်ကိုယ်လုံး တုပ်လှုပ်ချောက်ခြားသွားသော်လည်း မသိမသာပြုံးကာ
" သူတို့က သတင်းစာထဲ ငါးကျပ်တစ်ဆယ်နဲ့ ကြော်ငြာလို့ သက်သက်လှောင်တဲ့နည်းပဲ၊ အင်မတန်ရှုပ်တဲ့
သူပုန်ကလေးတွေပဲ၊ ဂုဏ်သရေ ထိခိုက်အောင် အကြံပက်စက်တာ၊ ဒီအကြံမျိုးကို မချီးမွမ်းပါဘူး၊ နောက်ကို
ဒီလက်ရေးနဲ့ စာမျိုးလာရင် မဖောက်နဲ့ တစ်ခါတည်းသာယူခဲ့ပါ၊ ပုံမပျက် စုံထောက်ဘက်ကို ပို့ချင်လို့၊
ကျေးဇူးအများကြီးတင်တယ်၊ စာက အရေးမပါပေမယ့် မောင်သိတတ်ပုံကို ချီးမွမ်းပါတယ်၊ မမေ့ပါဘူး၊
ကျေးဇူးတင်ပါတယ် "
ဟု မျက်နှာချိုသွေး၍ လေအေးနှင့် ပြောလိုက်ရာ ထိုအရာရှိမှာ တစ်ခဏအတွင်း အတွင်းဝန်ရုံးထိပ်ဖျားသို့
တက်ရပ်လိုက်သလို ဘဝင်မြင့်သွားပြီးလျှင် နောက်ကိုလာရင် ယူလာပါမည်ဟု ကတိထား၍ ဦးချတော့မလောက်
အရိုအသေပြုပြီးထွက်သွားလေ၏။
ဝန်ကြီးလည်း ထိုလူထွက်သွားလျှင် သွားချင်း ချုပ်တည်းထားရသော ဒေါသကို အစွမ်းကုန်ထွက်စေပြီးမှ မိမိ၏
အတွင်းဝန်ကို ဘုရင်ခံခေါ်က မိမိနေမကောင်း၍ ပြန်သွားကြောင်းပြောဖို့ မှာကြားပြီး ချက်ချင်းပင် ကားနှင့် အိမ်သို့
ပြန်လာလေ၏။
" အဖြူ၊ အဖြူ " ဟု အသံမာမာနှင့် ခေါ်၍ ဝင်လာသော ဖခင်၏အသံကိုကြားရရာ အဖြူမှာ စောစောဆိုသော
ကျောင်းနေဘက် သူငယ်ချင်းနှင့် စကားပြောနေရာမှ တုန်လှုပ်၍ပင်သွားလေသည်။
ချက်ချင်းပင် ဖခင်လည်း မိမိတို့ထိုင်ရာ ဧည့်ခန်းဝသို့ရောက်လာလေသည်။
" သြော်… စောစောလား၊ လာလည်သလားကွယ်၊ ဒါနဲ့ အဖြူ ဖေဖေခေါင်းကိုက်လွန်းလို့ ပြီးတော့ အပေါ်လာခဲ့နော် "
ဟုဆိုကာ အပေါ်ထပ်သို့ ခြေသံခပ်ပြင်းပြင်းနှင့် တက်သွားလေ၏။
" ဖြူ့ ဖေဖေ မျက်နှာကြီးကလဲ ရဲလို့ပါလား၊ ခေါင်းသိပ်ကိုက်တယ်ထင်ပါရဲ့၊ သွားလုပ်ပေးပါအဖြူ၊ စောလဲပြန်ဦးမယ် "

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုပြီး ထိုင်ရာမှ ထရာ အဖြူလည်း စောစောအား တံခါးဝသို့ အရောက်လိုက်ပို့ပြီးနောက် စိတ်ပူကြီးစွာဖြင့် အပေါ်ထပ် ဖခင်ရှိရာ အခန်းထဲသို့ အပြေးကလေးတက်ခဲ့လေ၏။
အခန်းထဲသို့ ဝင်မိလျှင် ဝင်မိချင်း ဖခင်မှာ များစွာပင် စိတ်ပင်ပန်းနေဟန်ရှိသည်ကို ချက်ချင်း သိလေ၏။
ဝန်ကြီးသည် ကုလားထိုင်တွင် ထိုင်၍ လက်ကိုင်တုန်နှင့် ဘွတ်ဖိနပ်ကို အထပ်ထပ်ရိုက်လျက် ဝင်လာသည့် အဖြူကို ကြည့်လည်းမကြည့်၊ မျက်နှာလွှဲပြီး တစ်စုံတစ်ရာကို မိမိဘာသာ တီးတိုးပြောသလို ရေရွတ်၍နေလေ၏။ အဖြူကား ထိုကဲ့သို့ နေသည်ကို အမှတ်မထားဟန်ဖြင့်
" ဖေဖေ ဘယ်နှယ့်နေပါသေးသလဲ "
ဟု မေးလေ၏။
" စိတ်မချမ်းသာဘူး သမီး "
" ဖေဖေ စိတ်မချမ်းသာရင် သမီးလဲ မချမ်းသာပါဘူး၊ အလုပ်တွေ သိပ်များလို့ စိတ်မသာမယာဖြစ်ပြီး ခေါင်းကိုက်နေလေးဟင် "
" သာယာစရာကောင်းပါရဲ့၊ ဒါပေမယ့်လဲ မင်းမှုထမ်းဆိုတာ ကမ်းနားသစ်လိုမို့ အရာရာမှာ အပြစ်အမျိုးမျိုးလွတ်အောင်ကြည့်ရတယ်။
" စစ်ရိပ်စစ်ငွေ့ကရှိနေတော့ သာလို့ပဲ အမှုပုံတွေကို ကျိုးကျိုးနွံနွံ လုပ်ရတယ်၊ ဒီထဲမှာ ဖေ့ဖေ့အဖို့ အခက်တစ်ခုတိုးလာလို့ ဖေဖေလဲဒုက္ခများတဲ့ ပြည်ထဲရေးဝန်ပဲ၊ သမီးကို ဖေဖေအများကြီး အပြစ်တင်ဖို့ ရှိနေတယ် "
" ဖေဖေသဘောမကျအောင် သမီးဘာလုပ်မိပါသလဲ ဖေဖေ "
ဟု အဖြူက ပျာပျာသလဲမေးလေ၏။
" သဘောကျစရာလား မကျစရာလား၊ ဒီစာကို ဖတ်စမ်းပါ "
အဖြူသည် ဖခင်၏ လက်မှ စာကိုယူ၍ ဖတ်လေ၏။
ပထမ၌ အံ့သြခြင်းထက် သိလိုခြင်းက ပိုမိုပြင်းပြလာသဖြင့် ခပ်မြန်မြန်ပင် ဖတ်လေ၏။
ဖတ်၍ ပြီးသောအခါ တည်ကြည်သော မျက်နှာထားနှင့်ပင် ဖခင်ကို ကြည့်လိုက်ရာ ဝန်ကြီးသည် မျက်နှာကိုလွှဲပြီး
" မြတ်စိုးဆိုတာ ဘယ်သူလဲ "
" ဖေဖေတို့ ကြော်ငြာထဲမှာထည့်တဲ့လူပါပဲ "
ဝန်ကြီးသည် ချုပ်တည်း၍ မရနိုင်အောင် အမျက်ထွက်လေ၏။
တစ်ဖန် ထိုအမျက်ကို ပြန်၍ ချုပ်တည်းရသဖြင့် မျက်နှာမှာ တစ်စက္ကန့်ထက် တစ်စက္ကန့် ပိုမိုနီမြန်းလာသည်ဟု ထင်ရလေ၏။
" အင်း ပြောပါဦး၊ သူ့အခြေအနေ၊ အရည်အချင်း၊ အလုပ်အကိုင်ကကော "
" အခြေအနေကတော့ သူ့မိဘများက ရာဘာခြံ သူဌေးပါပဲ၊ ဒါပေမယ့် သူ့ကို သားအဖြစ်က စွန့်ထားပါတယ် "
" သြော်... အင်း ဖြစ်ရမယ်လေ "
" သူ့ အရည်အချင်းကတော့ ကောလိပ်ကထွက်ပြီး ကျောင်းသားခေါင်းဆောင်ဘဝနဲ့ ထောင်ခဏခဏကျ "
" သြော်... ဒါက အရည်အချင်းလား "
" ဟုတ်ကဲ့ "
ဟု အဖြူ ခပ်လေးလေး ပြောရာ ဝန်ကြီးသည် အလွန်ချစ်လှစွာသော သမီးမို့သာဟူ၍ အခိပ္ပါယ်နှင့် အံကို မသိမသာကြိတ်၍ အဖြူ့မျက်နှာကို စိမ်းစိမ်းကြည့်လေ၏။
" အလုပ်အကိုင်ကကော "
ဟု သည်းမခံနိုင်သောအသံနှင့် ခပ်ကျယ်ကျယ် အော်၍ မေးလေ၏။
" အလုပ်အကိုင်ကတော့ နိုင်ငံရေး "
" တော် တော်အဖြူ၊ ရပ် ရပ်၊ ရှေ့မဆက်နဲ့တော့ ဘယ်မှာတွေ့ကြသလဲဆိုတာသာ ဖေဖေ့ကို ပြောစမ်း "
" အခါတွင်း မော်လမြိုင်ကို သွားလည်တုန်းက စက်ရှင်မင်းကြီးအိမ်က ဘုရားကိုးဆူကပ်ပွဲမှာပါ "
" ဒေဝီတို့အိမ်မှာပေါ့ "
" ဟုတ်ပါတယ်၊ မြို့ပေါ်မှာရှိတဲ့ ကောလိပ်ကျောင်းသားဟောင်းနဲ့ ကျောင်းသားသစ်တွေ အကုန်ဖိတ်ပြီး ကျွေးတော့ သူလဲလာတာနဲ့ သမီးတို့ဝိုင်းမှာ သူပါပါတယ် "
" ဒါနဲ့ လူပျိုစကားပြောရော့လား "
" မပြောပါဘူး၊ ပထမနိုင်ငံရေးတွေ ပြောပါတယ်။ နောက်ပိုင်းက လူတွေထ ထသွား "
ဝန်ကြီးက ကြားဖြတ်၍–
" ဘယ်လိုလူမျိုးက သူ့တရားကို စိတ်ရှည်လက်ရှည်နားထောင်မလဲ "
" သမီးနားထောင်နေပါတယ် "
" အေး အေး ဒါကြောင့် ဒီလိုဖြစ်ရတာပေါ့ "
ဟု စိတ်ဆိုးမာန်ဆိုးပြောလေ၏။
" ဒါနဲ့ ချစ်ကြရောပေါ့ "
" မချစ်ခဲ့ပါဘူး၊ ချစ်တယ်လို့လဲ ကတိမပြုခဲ့ပါဘူး "
ဝန်ကြီးလည်းတော်သေးရဲ့ဟု အနည်းငယ် စိတ်သက်သာသွားသော အမူအရာနှင့်

www.burmeseclassic.com

www.burmeseclassic.com

" နောက်ထပ်တွေ့ကြသေးသလား၊ ဒီအရင်ကောတွေ့ဖူးသေးသလား "
" ဒီအရင်ကတော့ ကျောင်းမှာ နှစ်ခါ သုံးခါတွေ့ဖူးပါတယ်၊ နောက်ဆုံးတွေ့ရတာကတော့ ဒီအိမ်မှာပါပဲ "
" အလို ဘုရား ဘုရား၊ ပြည်ထဲရေးဝန်ကြီးအိမ်မှာ ပြည်ထဲရေးဝန်ကြီးသမီးက သူပုန်ကို မှာတွေ့တယ် "
ဝန်ကြီးလည်း မျက်လုံးနှစ်လုံးကို အစွမ်းကုန်ပြူး၍ ပြောလေသည်။
" သမီးမမှားပါဘူး၊ ဒေဝီက သူ့ကိုရှင့်တရားနာချင်လို့ ရှင့်ကို သိပ်တွေ့ချင်တယ်ဆိုပြီး နောက်လိုက်တာကို အဟုတ်မှတ်ပြီး လာတာပါ "
" လာတော့ ဘာပြောသလဲ "
" သူ့ကို ချစ်ဖို့ပြောပါတယ် "
" ဩော်... ဒါနဲ့ တစ်ခါတည်းလက်ခံလိုက်ရောလား "
" တစ်ခါတည်း လက်မခံလိုက်ပါဘူး "
" ငါလဲ တရားသူကြီး ဖြစ်ခဲ့ဖူးပါတယ်ဟဲ့ အဖြူရဲ့၊ တစ်ခါတည်း လက်မခံလိုက်ပေမယ့် အသိအမှတ်တော့ ပြုလိုက်တယ်မဟုတ်လား "
အဖြူသည် ခင်းထားသော ကောဇောကို စိုက်ကြည့်ပြီး များစွာအားနာလှသောအသွင်နှင့်
" မှန်ပါတယ် ဖေဖေ " ဟု ပြောလေရာ...
" ဟား... ဟား... ဟား... ဟား... "
ဟု ရယ်လိုက်သော ဝန်ကြီး၏အသံမှာ မိုးရွာတော့အံ့ဟု တစ်ခဲနက် ထစ်ချုန်း၍ ပစ်လိုက်သော မိုးကြိုးသံကဲ့သို့ မှတ်ထင်ရပြီးလျှင် တစ်စက္ကန့်မျှ သတိလစ်သွားသကဲ့သို့ ရှိနေလေသည်။
" သူ့သမီးကြီးရင် သူ့အဖေဆီက သတင်းတွေနဲ့ ဒီနိုင်ငံကို ပုန်ကန်ရလျှင် ဟန်မှာပဲလို့ မိန်းမတွက် မိန်းမဉာဏ် "
အဖြူကား သတိဝင်လာသကဲ့သို့ ဖြစ်ပြီး
" သူ့အစွမ်း၊ သူ့အစ၊ သူ့ဉာဏ်နဲ့သာ ကြံမယ့်ယောက်ျားပါ ဖေဖေ "
" ထင်လိုက်တာ "
" ထင်ပါတယ်၊ ဒီလိုပဲ ထင်ပါတယ်၊ သမီးဆီက အကူအညီရဖို့ မျှော်လင့်ဖို့မပြောနဲ့၊ သမီးနဲ့ဖေဖေ သားအဖတော်နေတာဟာ သူ့မေတ္တာတရားရဲ့ အရံအတား၊ အဆီးအပိတ်ကြီးလို့ သူယူဆတာ သမီးကောင်းကောင်းကြီးသိရပါတယ် "
" အောင်မယ် သူပုန်က တယ်ကြီးကျယ်လှပါကလား၊ သူပုန်ကြီးကျယ်တာကိုလဲ ပြည်ထဲရေးဝန်ကြီးသမီးက တယ် အထင်ကြီးလိုက်ပါကလား။
" သူပုန်ကိုချစ်တာ ငါ့ဂုဏ်ကိုနှိမ်တာနဲ့ အတူတူပဲ၊ သူတို့ကိုသူတို့ နိုင်ငံရေး စာအုပ်ကလေးတွေ တစ်အုပ်နှစ်အုပ်ဖတ်ပြီး စိတ်ရှုးပေါက်ကြတယ်။ "
" သူတို့လုပ်ရင် ဘာမဆို ဖြစ်မယ်လို့အောက်မေ့တယ်။ ငါဘိလပ်ကို သုံးခေါက်ပြန်ပြီး နိုင်ငံရေးရာကို နေ့နဲ့အမျှလုပ်နေတာ နှစ်ပရိစ္ဆေဒကြာလှပြီ၊ ခေါင်းဖြူပြီ အဖြူရဲ့။ နိုင်ငံရေးရာတွေကို ကျေကျေပွန်ပွန်နဲ့ မလစ်ဟင်းအောင်လုပ်ဖို့ ငါ့ကိုယ့်ငါပြည့်တယ်လို့ အခုအထိ မယူဆသေးဘူး "
" သူတို့မှာတော့ တခြားနိုင်ငံရေး စာအုပ်တွေဖတ်ပြီး ကိုယ့်နိုင်ငံအကြောင်းတော့ နကန်းတစ်လုံးမှာ မသိဘဲ သူတို့ကိုယ်သူတို့ တော်လှပြီ၊ တတ်လှပြီထင်လို့ ထည့်လိုက်ချင်တယ်၊ သူတို့လက်ထဲကို နိုင်ငံကြီး ထည့်လိုက်ချင်တယ် "
ဝန်ကြီးလည်း ပြောရင်းပြောရင်း ဒေါသ မာနပြင်းလှသဖြင့် အခန်းတွင်းတွင် ဟိုမှသည် လူးလာခေါက်တုံ့လျှောက်၍နေလေသည်။
အဖြူလည်း မိမိအပေါ်သို့ကျရောက်မည့် ဒေါသဒဏ်မှာ မိမိအပေါ်သို့ မကျရောက်ဘဲ ထိုဒေါသဒဏ်ကိုကြမ်းပြင်ကသာ လုံးလုံးလျားလျား ခံနေရသည်ဟု တွေးတောမိလေသည်။
ဝန်ကြီးလည်း တစ်ဖန် အဖြူ၏ရှေ့တည့်တည့်သို့လာ၍ ရပ်ပြန်ပြီးလျှင်...
" နိုင်ငံရေးကို သိရုံနဲ့ အပြီးမသတ်ဘူး၊ အုပ်ချုပ်ပုံအုပ်ချုပ်နည်းတွေကို တတ်မှတော်မှာ မတတ်ရင် မတော်ရင် တတ်တဲ့ တော်တဲ့လူက အုပ်ချုပ်လိမ့်မယ်၊ အဲဒါလဲ မှတ်လိုက်ဦး "
ဝန်ကြီးလည်း ဆက်၍ လှမ်းမည့်ဟန်ယူပြီးမှ တစ်ဖန်အဖြူရှေ့သို့ ပြန်လှည့်၍
" သူတို့ ခု ဒီပြည်ကထွက်ပြီး တစ်နိုင်ငံကိုသွားကပ်တာ အကပ်ခံတဲ့ နိုင်ငံကလဲ သူတို့အကဲ၊ သူတို့အရည်အချင်း၊ သူတို့မှာ ပြည့်မပြည့်ကြည့်လိမ့်မယ်၊ အဲဒီအခါမှာ အဲဒီနိုင်ငံက သူတို့ကို ဘယ်လိုအသုံးချမလဲ သိရဲ့လား "
အဖြူလည်း ဘာမျှ အဖြေမပေး၊ ဆိတ်ဆိတ်ပင် နားထောင်၍ နေလေသည်။
" သားကောင်ကို စားချင်လို့ အမဲလိုက်တော့ မုဆိုးဟာခွေးကို အကူအညီခေါ်တယ် မဟုတ်လား၊ ခွေးနဲ့ပြုလိုက်တယ်မဟုတ်လား၊ အရည်အချင်းမရှိဘဲ အထင်ကြီးတဲ့ ဒီသတ္တဝါတွေလဲ ခွေးပဲဖြစ်ရမယ်၊ အမဲလိုက်ခွေးပဲ ဖြစ်ရမယ်၊ အမဲလိုက်ခွေးဟာ ကိုယ်လိုက်တဲ့ အသား ကိုယ်မစားဘူး၊ သခင်ပေးမှ အရိုးအရင်းပဲကိုက်ရတယ်၊ ခွေးအလုပ်ကိုလုပ်ရင် ခွေးနေရာမှာပဲ ခွေးနေရမယ်၊ ပလ္လင်ပေါ်မှာ ခွေးမနေရဘူး "
ဝန်ကြီးလည်း ကုလားထိုင်ပေါ်သို့ မိမိကိုယ်ကို ပစ်ချလိုက်ပြီး မကျေနိုင် မချမ်းနိုင်သေးသော အသံနှင့်တစ်ဖန်ဆက်ပြန်သည်မှာ
" အာဖရိက ပျားရည်သောက် ငှက်အကြောင်းဖတ်ခဲ့ဖူးတယ် မဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com

" ဖတ်ဖူးပါတယ် " ဟု ခပ်ရှန်းရှန်းပင် ဖြေလေ၏။
" ဒီအတိုင်းပဲ၊ ပျားရည်သောက်ချင်တော့ ပျားဖွတ်သမားတွေလည်ရှာပြီး ပျားအုံရှိတဲ့နေရာကို လိုက်ပြတယ် မဟုတ်လား၊ သူဘာသောက်ရသလဲ၊ ဟိုက ဖွတ်သွားလို့ ကျန်တဲ့တစ်စက်နှစ်စက်ကိုပဲ သောက်ရတယ်မဟုတ်လား "
" သောက်ရတာက သူ့တစ်ဝမ်းစာ နည်းနည်းလေးဟိုက ယူသွားတာက အများကြီး၊ အဲဒီလိုပဲ ဘယ်နိုင်ငံကြီးတွေကိုပဲ သွားသွား အရည်အချင်း မရှိရင် အဲဒီလို ဖြစ်လိမ့်မယ်၊ ၄၇ ခုနှစ်က ကင်းဝန်မင်းကြီး အမှားထက် နောက်အမှားကသာဆိုးမယ်ဆိုတာ ယုံလိုက်ပါ "
အဖြူသည် မည်သို့မျှ မပြောဘဲ ငုံ့၍သာ နေလေသည်။
" သူတို့လုပ်လို့များ ဒီနိုင်ငံကြီး ဂျပန်လက်ထဲ ရွေ့မယ် ထင်သလား ပြောစမ်း "
" သူတို့လုပ်လုပ် မလုပ်လုပ် နိုင်ငံကတော့ ရွေ့ရမှာပဲ ဖေဖေ၊ ဒီလိုရွေ့သွားရင် ကိုယ့်နိုင်ငံအတွက် အခွင့်အရေးရဖို့ရာ အခု အသက်စွန့်ကြ ရှာတာပါ "
" ဟား... ဟား... ဟား... " ဟု ရယ်မောလိုက်သော အသံကြီးမှာ တော်လဲသံကဲ့သို့ ဖြစ်လေတောက၏။
" အခွင့်အရေး အခွင့်အရေး ဘာအခွင့်အရေးလဲ " ဟု ဝန်ကြီးက ဒေါသမာန်ပြင်းပြင်းဖြင့် ခွန်းဆင့်ဟစ်အော် မေးမြန်းနေလေရာ အဖြူမှာ ဖခင်အားပြန်လှန် မချေပလိုသော်လည်း ချေပမှ ဖြစ်ပေတော့မည်။ မိမိပြောလျှင် မုချပင် ဖခင်ကြီးမှာ ယမ်းပုံမီးကျ ပေါက်ကွဲသလို ဖြစ်ချေမည်။
ထိုသို့ပေါက်ကွဲလျှင် တောက်လောင်မည်။ တောက်လောင်မှလည်း အလင်းရောင်ထွက်ပေါ်တော့မည့ဟူသော အကြောင်းတရားကို အဖြူကောင်းစွာမြင်လေ၏။
" အခွင့်အရေးဆိုတာ လွတ်လပ်ရေးပါပဲ ဖေဖေ "
ဝန်ကြီးမှာ ဆတ်ဆတ်တုန်နေလျက် အံကိုကြိတ်၍ အဖြူ့အား စေ့စေ့ကြည့်ပြီးလျှင်
" ဘာလွတ်လပ်ရေးလဲ ထွီ အင်္ဂလိပ်က လွတ်လပ်ရေးမပေးနိုင်ဘူးဆိုတာ တကယ်ပြောတာ အမှန်ပြောတာ၊ ဂျပန်က လွတ်လပ်ရေးပေးမယ်ဆိုတာ အလကားပြောတာ၊ အဓိပ္ပါယ်အဲသလောက်ကွာတယ်၊ တကယ့်လွတ်လပ်ရေးကိုရရင် ငါ့လည်ပင်းကိုဖြတ်၊ ရပါလိမ့်မယ်၊ ထင်နေလိုက်တာ ဘယ်တော့မှ တကယ့်လွတ်လပ်ရေး မပေးဘူး၊ လွတ်လပ်ရေးမရတဲ့အပြင် အခုထက် ပိုဆိုးမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲဘူး၊ အဲဒါလဲ မှတ်ထားလိုက်ဦး တစ်ချက် "
" တကယ့်လွတ်လပ်ရေးကို တကယ်မပေးရင် သူတို့လဲ တစ်နေ့ကျရင် တစ်ခါထပ်စွန့်ကြဦးမှာပဲ။ လွတ်လပ်ရေးကိုတရားသဖြင့် မရသမျှ သူတို့ ကိုယ် သူတို့လှူပြီးသားပါ ဖေဖေ။ "
" အခု ဒီလိုလုပ်ရတာလဲ တိုင်းပြည် မနစ်နာရအောင် ကာကွယ်ဖို့ရာ စွန့်စားကြတာပါ၊ တကယ့်လွတ်လပ်ရေးကို တကယ်မပေးဘူးဆိုတဲ့ အခါကျရင် ဖေဖေပြောသလို ခုထက်ပဲ ပိုဆိုးမယ်ဆိုရင် တိုင်းပြည်အတွက် အသက်နဲ့ လဲကြဦးမှာပဲ၊ ခုခံဦးမှာပဲဆိုတာ အဖြူ ယုံကြည်ပါတယ် "
" အခု သမီးမြွတ်နိုးနေတာ သူပုန်မှန်း စဉ်းစားမိရဲ့လား သမီး "
" ဖေဖေတို့ မျက်စိနဲ့ ကြည့်မယ်ဆိုရင်တော့ အခုတော့ သူပုန်ပါပဲ "
ပြည်ထဲရေးဝန်ကြီးလည်း အဖြူထိုသို့ပြောသည့်အတွက် နောက်ထပ်ထွက်စရာဒေါသများ ကုန်၍နေပြီးသကဲ့သို့ မျက်နှာမှာ သိသိသာသာကြီး ညှိုးနွမ်းသွားပြီး အဖြူ့အား နှမြောသကဲ့သို့ ခေါင်းတညိတ်ညိတ်ဖြင့် မျက်ရည်များလည်ကာ–
" ဘာဖြစ်လို့ ငါ့သမီးဒီအကြောင်းကို ဖေဖေ့မပြောဘဲ တိမ်ဝှက်ရသလဲ " ဟု ဝမ်းနည်းသံဖြင့် မေးလေ၏။
" ဘယ်အကြောင်းကိုပါလဲ "
" တစ်ယောက်နဲ့တစ်ယောက် မချစ်သေးပါဘူး၊ သူချစ်တာဆိုတာလဲ ဖေဖေ့ပြောဖို့ မတော်ဘူးထင်လို့ပါ "
" တော်သလား မတော်သလား၊ စဉ်းစားလေ၊ အခု သူစာပေးတာ ဖေဖေ အင်မတန်ရှက်တယ်၊ ပြည်ထဲရေးဝန်ကြီးအဖြစ်နဲ့က ပိုလို့ပဲ ရှက်တယ်၊ စုံထောက်တွေ အဆက်အသွယ်နဲ့ မစုံစမ်းနိုင်တာကို နေ့စဉ်နဲ့အမျှ အပြစ်တင်နေတယ်၊ လက်စသက်တောက အဆက်အသွယ်က ကိုယ့်အပေါ်က ကိုယ့်သမီးအဖြူ ပြည်ထဲရေးဝန်ကြီးအဖြစ်နဲ့ပြောရရင်တော့ ရာဇဝတ်ကောင်ဟာ ကိုယ့်သမီး၊ ငါရှက်ပါရဲ့၊ ဘယ်လိုစီရင်ချက်ချရမလဲ "
အဖြူသည် ထိုစကားကို ကြားရသောအခါ မျက်နှာမှာ နီတစ်လှည့် ဖြူတစ်လှည့် ဖြစ်၍နေလေသည်။
" အဲဒီတော့ သွားလေသူရဲ့ မျက်နှာကို ထောက်ထားပြီး ဒီသတ္တဝါနဲ့ စာပေးစာယူမလုပ်ပါဘူးလို့ ငါ့ကို ကတိပြုစမ်းပါ အဖြူ၊ ကတိပြုမယ်မဟုတ်လား "
အဖြူလည်း စဉ်းစားလေ၏။ မိမိပေးရမည့် ကတိမှာ ကိုမြွတ်စိုးအတွက် အကျိုးနစ်နာမည့်ကတိမဟုတ်။ စာပေးဖို့မှာ ကိုမြွတ်စိုး ဘယ်ကို သွားသည်မသိရ၍ လိပ်စာမသိသဖြင့် မိမိကပေးရဖို့မရှိ၊ သူက ပေးခြင်းကိုမူ ဖေဖေကလည်း မတားနိုင်၊ မိမိလည်း မကန့်ကွက်နိုင်သဖြင့် မိမိက မပေးနိုင်မည့်တူတူ ဖခင်စိတ်ချမ်းသာစေရန် ရှောရှောရှူရှူ ကတိပြုမည်ဟု အောက်မေ့ကာ။
" မေမေ့မျက်နှာကို မဟုတ်ပါဘူး၊ ကမ္ဘာပေါ်မှာ အဖြူအချစ် အကြည်ညိုဆုံးဖြစ်တဲ့ ဖေဖေ့မျက်နှာကိုပါထောက်ထားပြီး သူ့ဆီကို ဘယ်တော့မှ စာရေးမယ့်အလုပ် မလုပ်ပါဘူးဖေဖေ "
" ကောင်းပြီ၊ ကောင်းပြီ ငါ့သမီး မမိုက်ပါနဲ့၊ ဘယ်အရာမဆို စဉ်းစားပါ "
ဟု ဝန်ကြီးလည်း ဒေါသပြေသွားသကဲ့သို့ စိတ်ချသံနဲ့ ပြောလိုက်လေ၏။
စစ်ကားဖြစ်လေပြီ၊ ရန်သူတွေလာပြီဟူသော အချက်ပေးဥသြ မကောင်းဆိုးဝါး အသံသည်လည်း မြို့တွင်းတွင်

www.burmeseclassic.com

www.burmeseclassic.com

ည်၍နေလေ၏။ လူများလည်း ပြေးကြလွှားကြနှင့် တစ်မြို့လုံး ရှုန်းရင်း ဆန်ခတ်ဖြစ်၍ နေလေ၏။
မကြာမြင့်မီ လူများအားလည်းကောင်း၊ ကြီးမားသော အဆောက်အအုံတိုက်တာ အိမ်ရာတို့အားလည်းကောင်း
မျိုဟပ်ဖြိုဖျက်မည့် ဖုံးကြီးများသည် မိုးသီးမိုးပေါက်ကြွေသကဲ့သို့ မြို့ပေါ်သို့ တရစပ်ကျလေရာ ခိုကိုးရာမဲ့သကဲ့သို့
သွေးရူးသွေးတန်းနှင့် ပြေးသူပြေး၊ အော်သူအော်၊ ရူးသူရူး၊ ကန်းသူကန်း၊ ကျိုးသူကျိုး၊ သေသူသေနှင့် တစ်ခဏချင်း
ညက်ညက်ကြေကုန်လေ၏။ မြို့ကြီးလည်း ပျက်လေသည်။
" ဒါပဲ အဖြူ ဒီမှာနေလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ အဖြူအဒေါ်များဆီ အမြန်ဆုံးပြောင်းနေရမယ် "
" နို့... ဖေဖေကကော "
" အို... ဖေဖေလား၊ ဖေဖေက ပြည်ထဲရေးဝန်ကြီးကွယ့်၊ ပြည်ထဲရေးဝန်ကြီးက ပြည်ကိုပစ်ပြီး ပြေးလို့တော်ပါ့မလား၊
ဖေဖေကနေရမယ် အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းတယ်ဆိုတာ ဒါကိုခေါ်တယ်၊ သူတို့ထားရာမှာနေရမယ်၊
သူတို့ခေါ်ရာ လိုက်ရမယ်။
" ငါ့သမီးနဲ့ ရှင်ကွဲ ကွဲရင်လဲ ကွဲမယ်၊ သေကွဲ ကွဲရင်လည်း ကွဲမယ်၊ ဖေဖေရှင်ရှင်သေသေ
စိတ်ဖြောင့်ဖြောင့်ကြီးထားနိုင်ဖို့ဟာက ငါ့သမီးကို လုံခြုံရာမှာထားရမယ်၊ ဖေဖေ ဒီလိုမှ စိတ်အေးနိုင်မယ်၊ ငါ့သမီး
ဒီနေ့ညရထားနဲ့ လိုက်ပါ၊ ဖေဖေတွဲစီစဉ်ပြီးပြီ၊ အားလုံး အဆင်သင့်ရှိပါစေ "
အဖြူသည် လပေပုပ်ဖမ်းသကဲ့သို့ စိတ်တွေအုံ့မှိုင်းပြီး မလင်းနိုင်အောင်ပင် ဖြစ်နေလေ၏။
ဖခင်နှင့် ခွဲရမည့်အရေးမှာ အဖြူ့အတွက် ရင်အလေးဆုံး ဖြစ်လေသည်။
မိခင် သေသွားပြီးနောက် မိမိပေါ်တွင် လွန်စွာသနားချစ်မြတ်နိုးခဲ့ရသည်မှာ ယနေ့အထိ ဖြစ်တော့၏။
ဖခင်နှင့်အတူနေထိုင်လိုစိတ် ပြင်းထန်သော်လည်း
" နောင်ဆံမငင်လိုဘူး စိတ်ဖြောင့်ဖြောင့် စိတ်အေးအေး ရှိချင်တယ် "
ဟု ဖခင်ပြောသောစကားကို လေးစားရသဖြင့်သာ ခွဲ၍ နေရမည် ဖြစ်လေ၏။
ရထားကား ထွက်တော့မည်။ အဖြူလည်း အလွန်တရာ ဝမ်းနည်းဟန်ဖြင့် ဖခင်အား ဦးချလေ၏။
" ရော့ ရော့၊ ခြောက်လုံးပြူးကလေး၊ ဒါ မိန်းမကိုင်လျှို့လျှို့ဝှက်ဝှက် ကိုင်နော်၊ ဒီမှာ သေတ္တာ၊ ဒီသေတ္တာထဲမှာ
လိုင်စင်နဲ့ ယမ်းတောင့်ပါပါတယ်၊ ရှိရှိသေသေ သိမ်းထား ဒီအက်စပီ (ရာဇဝတ်ဝန်ကြီး) မစ္စတာဆီကို
ဖေဖေစာရေးလိုက်မယ်၊ သူလဲ မကြာမကြာသမီးနေတဲ့မြို့ကို လာရတာပဲ။
" သူလာရင် သူ့ဆီမှာ ခြောက်လုံးပြူးပစ်နည်း သင်ကြားပေါ့၊ ခြောက်လုံးပြူးအပစ်ကိုလဲ သင်ပေးလိုက်ပါလို့ စာထဲမှာ
ထည့်ရေးလိုက်မယ်၊ ပြီးတော့ ကိုယ့်လက်နက်နဲ့ ကိုယ်ထိတတ်တယ်၊ မမေ့ပါနဲ့နော်၊ အရာရာမှာ အသိ
အလိမ္မာချည်းပဲ မပြီးဘူး၊ သတ္တိဗျတ္တိဆိုတာလဲ ရှိရတယ်၊ ဖေဖေ့ သမီးပဲကွယ် ဘာဝမ်းနည်းနေရမှာလဲ၊ ကဲသွားမယ် "
ဟု နှုတ်ဆက်ကာ စောစောက သေနတ်ကို ပေးရင်း ယုယုယယ ကိုင်တွယ်ထားသော အဖြူလက်ကလေးကို လွှတ်၍
ရထားပေါ်မှ ဆင်းသွားလေသည်။
အဖြူလည်း ဖခင်အား မျက်စိတစ်ဆုံး မျှော်ကြည့်နေစဉ်ပင် ရထားလည်းထွက်ခဲ့လေ၏။
အဖြူတို့နေသော မြို့ရွာကလေးကား အိမ်ခြေသုံးထောင်ခန့်ရှိ၍ အစိုးရပိုင်းမှအပ များသောအားဖြင့်
လုပ်စားကိုင်စားပေါ်များသော မြို့ရွာကလေး ဖြစ်လေ၏။
အဖြူလည်း ရောက်စက ငြီးငွေ့သယောင်ယောင်ရှိသော်လည်း ရက်အနည်းငယ်ခန့်ကြာသောအခါ နေသားထိုင်သားကျ၍
နေ၍ ထိုင်၍ ရလာခဲ့လေ၏။
ထိုအတွင်း ရန်ကုန်မြို့ကြီးမှာ တစ်နေ့တခြား ဆိုးဝါး၍လာသဖြင့် လူအများပိုမိုပြောင်းရွှေ့ကြရာ အဖြူနေသော
မြို့ကလေးသည် အဖြူရောက်စနှင့်မတူ တစ်နေ့တခြားမြို့နှင့် မဆံ့ဘဲ လူများ၍ များ၍သာ လာခဲ့လေတော့သည်။
ထိုအခါ အဖြူ၏ခေါင်းတွင် ပြဿနာတစ်ခုသည်ပေါ်ပေါက်လာလေ၏။
ထိုပြဿနာမှာ ရေပြဿနာဖြစ်၏။ အကြောင်းမူကား၊ ထိုမြို့ ကလေးတွင် ရေတွင်းမရှိဘဲ ရေကန်တစ်ကန်ကိုသာ
သောက်သုံးရန် အသုံးပြုကြသောကြောင့်တည်း။
အဖြူလည်း အချိန်ရတိုင်း မြို့ထဲတွင် လှည့်လည်၍ လူတွေ နေကြထိုင်ကြပုံနှင့်တကွ ရေ့နေရေးထိုင်ရေးတွေပါ ကြည့်ရှု
ဆင်ခြင်လေသည်။
နေကလည်း အလွန်ပြင်းလှ၍ နေကြထိုင်ကြပုံကလည်း အနည်းငယ်မှ မသန့်ကြသဖြင့် ရေမလုံလောက် ဖြစ်ပါက
မကြာမီ ဤအတိုင်းသာဆိုလျှင် မြို့ရွာထဲတွင် ရောဂါဆိုးကြီးဝင်လာမည်မှာ မလွဲဧကန်ဖြစ်မည်ကို
အဖြူသိလေတော့သည်။
ထိုသို့ သိသည့်အားလျော်စွာ ရောဂါကပ်ဆိုးကြီး မဝင်နိုင်ရန် ရေလုံလုံလောက်လောက် ရဖို့အရေးအတွက်
အဘယ်ပုံလုပ်ရမည်ကို နေ့စဉ် စဉ်းစားတွေးတော၍ နေမိလေ၏။
ထိုအတွင်း မြို့ရွာရှိ အစိုးရများ မကြာမီ ဤမြို့မှ ဆုတ်ခွာလိမ့်မည်ကို အဖြူသိလေရာ ဤမြို့ရွာက
အစိုးရများဆုတ်ခွာကြလျှင် မိမိဖခင်သည်လည်း ဆုတ်ခွာကြလိမ့်မည်။
သို့ဖြစ်၍ မိမိထံသို့ပင် လာမည်လော။ သို့တည်းမဟုတ် အဘယ်သို့ သွားမည်နည်းဟု တွေး၍မရတိုင်း
မိမိ၏ ဖခင်ထံမှ သတင်းကိုသာ စိတ်စောနေရလေ၏။
ရက်အနည်းငယ်ခန့်ကြာသောအခါ ဖခင်ထံမှ မေမြို့သို့ပြောင်းရွှေ့သွားမည့် အကြောင်းနှင့်တကွ
နေရေးထိုင်ရေးအတွက် ငွေအလုံအလောက် ပေးလိုက်ပြီးလျှင် ယခုနေသော နေရာမှာ အဖြူ့အဒေါ်များက
တစ်ဆင့်ရွှေ့လို၍ ရွှေ့လျှင် ထိုရွှေ့ရာသို့ပင် လိုက်၍ နေရမည်ဖြစ်ကြောင်းပါ မှာကြားရေးသားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

အဖြူမှာ အလွန်စိတ်မချမ်းမြေ့ခြင်း ဖြစ်ရလေ၏။
ဖခင်အတွက် မပူပင်သော်လည်း ခွဲ၍ နေရခြင်းကိုများစွာ ဝမ်းနည်းမိလေ၏။
ထိုသို့ဝမ်းနည်းနေရစဉ် ဝမ်းသာရတော့ မယောင်ယောင်သတင်းတစ်ခုကို သိုးသိုးသန့်သန့် ကြားရလေ၏။ထိုသတင်းက မြို့ရွာထဲတွင် လူများ တိတ်တဆိတ် တီးတိုးပြောနေကြသော သတင်းပင်ဖြစ်ပေ၏။
မော်လမြိုင်တို့ မြိတ်တို့တောင် ဘာလိုလို ကြားရပြီလို့ သူတို့ပြောနေကြတာ၊ ကိုမြတ်စိုးနဲ့တူတယ်၊ မြန်မာပြည်က နိုင်ငံရေးအတွက် ထွက်သွားတယ်ဆိုတာ၊ ဒီ့ပြင်တိုင်းပြည်သွားမှာမဟုတ်ဘူး၊ ဒီတိုင်းပြည်နဲ့ပဲတူတယ်၊
ဘုရားမလို့ဒီအတိုင်းဖြစ်ပါစေ။
" သြော်... ကိုမြတ်စိုး၊ အဖြူ့ဆီကို အခြေအနေသာရင် ဖြူ့ကိုယ်ကလေးပိုင်ရဖို့ ပြန်လာမယ်ဆိုတာ လာနေပြီလား ကိုမြတ်စိုးရယ်၊ သတင်းလဲ မကြာမကြာ ကြားပါရစေဆိုတာ တစ်ခါသာ ကြားရပြီး အခုအထိ ဘာမှ မကြားရသေးဘူး။
" အဖြူ ဒီမြို့ကို ပြောင်းပြီးနေတာလဲ သိမှာ မဟုတ်ဘူး၊ အို.... အဖြူ့မှာ ဇကန်ဇက မသိရတိုင်း စိတ်အလုပ်ရှုပ်၍ နေလေသည်။ အဖြူနေသော မြို့ကလေး၏ အနီးအနားမှာ တောရွာများမှာ မငြိမ်မသက်ဘဲ လူဆိုးသူဆိုးများ လုယက်ဖျက်ဆီးသတ်ဖြတ်နေကြသဖြင့် ထိုတောရွာများမှာ ကူလီလယ်သမားကုလားများသည် ထိုရန်ကို ကြောက်ကြ၍ မြို့သို့ အလုံးအရင်းနှင့် ပြေးလာကြပြီး ခိုအောင်းနေထိုင်ကြသောကြောင့် ရှိရှိသမျှ ကျောင်းကန်ဇရပ်တို့တွင် ပြည့်နှက်၍ နေပြန်သေးသည်။
၎င်းတို့လာကြသည်ကို ကြားလျှင်ကြားချင်း အဖြူလည်း ရေအတွက် ပိုမို၍ စိတ်ပူလာလေသည်။
" မနေဘူး၊ ဒီလိုတော့ မနေဘူး၊ မြို့ရွာလူကြီးတွေဆီကို ငါသွားသတိပေးတိုက်တွန်းမှပဲ " ဟု စိတ်ကို ဆုံးဖြတ်ကာ တစ်နေ့တွင် မြို့ပေါ်၌ အလွန်သြဇာရှိ၍ ပိုက်ဆံချမ်းသာသော လူကြီးတစ်ဦးအိမ်သို့ ထွက်လာခဲ့လေသည်။
" ဦးကြီး ရှိပါလား "
ဟု အပေါက်ဝတွင် အခန့်သင့်တွေ့ရသော မိန်းမတစ်ယောက်ကို မေးလိုက်ရာ...
" ရှိပါတယ် ရှိပါတယ် ဝင်သာသွားပါ၊ တွေ့ပါလိမ့်မယ် "
အဖြူလည်း အိမ်ထဲသို့ ဝင်ခဲ့လေသည်။ လမ်းဘက်သို့ မျက်နှာပြု၍ ခင်းထားသော ပက်လက်ကြိမ်ကုလားထိုင်ကြီးပေါ်တွင် အသက်ခုနစ်ဆယ်ခန့်ရှိ အဘိုးကြီးတစ်ယောက် အေးအေးလူလူထိုင်၍ စာဖတ်နေသည်ကို တွေ့ရလေ၏။
မိမိရောက်ကြောင်းကို အသံပြုလိုက်သောအခါ အဘိုးကြီးလည်း စာဖတ်နေရာမှ အဖြူ့ဆီကို မျက်စိကို မျက်မှန်အပေါ်က ကျော်ကြည့်ပြီးလျှင်
" ဘာကိစ္စလဲကွယ့် ထိုင်ပါ ထိုင်ပါ "
ဟု ပြောလေ၏။
" ကိစ္စတော့ တခြားမရှိပါဘူး၊ အခု ဒီမြို့ကလေးမှာ လူတွေရော၊ ကုလားတွေရော မြို့နဲ့မလိုက်အောင် ပြည့်လျှံနေလို့ "
" ပြည့်လျှံနေတော့ ဘကြီးက ဘယ့်နှယ့်လုပ်ရမလဲကွယ့် "
ဟု အဖြူ့စကားမဆုံးခင် အဘိုးကြီးက သံပြတ်နှင့် မေးလေ၏။
ဤအဖိုးကြီးကို ပြောရန် မလွယ်မည့် လက္ခဏာကို အဘိုးကြီး၏ ဟန်ပန်နှင့် အသံအားဖြင့် သိရသော်လည်း တစ်မြို့လုံး၏ အရေးဖြစ်သောကြောင့် ပြုံးရွှင်သော မျက်နှာထားနှင့်ပင်
" ဘဘကြီးဆီ ကျွန်မလာတာ ဘဘကြီး အကျိုးယုတ်ရာယုတ်ကြောင်း မရှေ့ရှုပါဘူး၊ ကျွန်မလဲ ဒီမြို့က မဟုတ်ပါဘူး၊ တစ်မြို့လုံးမှာ သြဇာကြီးပြီး သစ္စာဂုဏ်၊ သမာဓိဂုဏ်၊ နာယကဂုဏ်တွေနဲ့ ပြည့်စုံလို့ ဒီမြို့ရဲ့ကိုးကွယ်ရာဟာ ဘဘကြီးပဲ၊ ဘဘကြီးသာ အမိအဖလို့ ကျော်ကြားနေလို့ ဘဘကြီးဆီကိုပဲ အရောက်လာခဲ့ရတာပါပဲ "
အဘိုးကြီးလည်း အဖြူ၏ပျပ်ဝပ် ရှိသေခြင်းကို ခံရသည့်တစ်ခဏလေးမှာပင် စိတ်သက်သာရာ ရရုံမျှမက စိတ်နှလုံးရွှင်ပြုံးသာယာ၍ပင် လာသောကြောင့်...
" အေး အေးကွယ်၊ ဘယ်လိုများ အားကိုးချင်လို့လဲ... "
" ခုနက ကျွန်မအစီရင်ခံခဲ့တဲ့အတိုင်းလူတွေက တစ်နေ့တခြားများလာတော့ ရေအတွက်လုံလုံလောက်လောက်ရဖို့ အရေးကြီးပါတယ် "
" ဒါကတော့ကွယ် ဖြစ်လာမှတော့ မတတ်နိုင်ဘူး၊ ရေပိုထွက်အောင် ဘဘကြီးလဲ မမန်းတတ် မမှုတ်တတ် "
" အို ဒီလိုလဲ မဟုတ်ပါဘူး ဘဘကြီးရယ်၊ ရေမလုံလောက်ရင် တစ်မြို့လုံး ဒုက္ခဖြစ်မှာမို့ ရေအတွက် ဘဘကြီးအလွန်ပူပင်လို့ ဘယ်လိုဆောင်ရွက်ကြရင်ကောင်းမလဲ၊ ဆွေးနွေးတိုင်ပင်ချင်တယ်လို့ မြို့ရွာမှာ ဘဘကြီးအမည်နာမတပ်ပြီး အစည်းအဝေးတစ်ခုကို ဖိတ်ခေါ်ဆွေးနွေးစည်းဝေးကြဖို့ပါပဲ "
" သြော်... သြော် ရေအတွက် အစည်းအဝေးလုပ်ဖို့ပေါ့ "
" ဟုတ်ပါတယ် ဘဘကြီးရယ် ဘဘကြီးကသာ လစ်လျူရှုနေမယ်ဆိုရင် မြို့သူမြို့သားတွေဟာ ရေလုံလုံလောက်လောက်မရတဲ့အပြင် ရောဂါဝေဒနာတွေ ထူပြောပြီး ဒုက္ခရောက်ကုန်ကြမှာမို့ ဘဘကြီးက လူကြီးတွေနဲ့ ဘယ်ပုံဘယ်နည်းလုပ်ကြရင် သင့်မယ်ဆိုတာ စည်းဝေးတိုင်ပင်ရင် အကြံဉာဏ်တွေအမျိုးမျိုးထွက်လာကြပြီး ဒီကိစ္စ အလွယ်တကူ အောင်မြင်လိမ့်မယ်လို့ ယုံကြည်လို့ပါ "
" ဒါလဲ သင့်မြတ်တာပါပဲ၊ ဒီညနေပဲ မြို့လယ်က ဓမ္မာရုံမှာ ခေါ်လိုက်မယ်၊ ဒါထက် မိန်းကလေးက ဘယ်ကလဲကွယ့် "
" ကျွန်မ ရန်ကုန်ကပါ၊ အခု အဒေါ်များနဲ့ လာနေပါတယ် "
" အဒေါ်များကရော ဘာလုပ်သလဲ "

www.burmeseclassic.com

" ဘာအလုပ်မှ မလုပ်ပါဘူး၊ ဒီမြို့ရောက်ပြီး ယောက်ျားဆုံးတာနဲ့ ဘဏ်တိုးလေးနဲ့ပဲ စားနေတာပါပဲ၊ ဒါနဲ့ ကျွန်မကို ခွင့်ပြုပါဦး၊ ကျွန်မလဲ ညနေ အစည်းအဝေးကို လာနိုင်ရင် လာခဲ့ပါမယ် "
" ကောင်းပြီ... ကောင်းပြီ "
ဟု အဘိုးကြီးလည်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေ၏။
မြို့ရွာအတွက် အရေးတကြီး ခေါ်ရသော အစည်းအဝေးဖြစ်ပါလျက်နှင့် မြို့ကလူများ စိတ်ဝင်စားပုံမရ။ မလာမရောက်ဘဲ နေနိုင်ကြပုံကို အဖြူ များစွာ ဝမ်းနည်းမိလေသည်။
အနည်းငယ်ခန့် လာကြသော လူတစ်စုကို အဖြူအကဲခတ်ရာတွင်လည်း ထိုလူစုမှာ အရေးပါ၍ ထိုရောက်နိုင်မည့်သူနည်း၍ ထင်တစ်လုံးသမားသာ များသည်ကို အကဲခတ်မိလေသည်။
ထို့အပြင် ထိုအစည်းအဝေး၏ ထူးခြားပုံကား မိန်းမဆို၍ မိမိတစ်ယောက်တည်းသာ ဖြစ်နေခြင်းပင်ဖြစ်လေ၏။
လာသမျှသူတိုင်းပင် မိမိအား အထူးအဆန်းကဲ့သို့ ဝိုင်း၍ ကြည့်ကြလေသည်။
အစည်းအဝေးကို ဘဘကြီးဆိုသော ငွင်းအဘိုးကြီးက သူပင် နာယက သူပင် အကျိုးဆောင်အဖြစ်ဖြင့် စ၍ဖွင့်ပြီး ယခုမြို့မှာ သောက်ရေကန်တစ်ခုပင်ရှိ၍ လူအများ မုချဒုက္ခရောက်ရမည့်ဆဲဆဲ ဖြစ်နေသဖြင့် ရေလုံလုံလောက်လောက်ရရန် အဘယ်ပုံ ဆောင်ရွက်ကြလျှင် သင့်မည်ကို ကြွရောက်ကြသော လူကြီးမင်းများ မည်သူမဆို အကြံပေးနိုင်ကြောင်း၊ ပေးလည်းပေးကြဖို့ကို မိမိက တိုက်တွန်းကြောင်းဖြင့် ပြောလေသည်။
အသက် သုံးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်သည် ပထမဆုံး ထရပ်လေသည်။
" ဟုတ်ပါတယ်၊ ရေဟာ အင်မတန် အရေးကြီးပါတယ်။ အခုလဲ ကန်မှာ ရေတစ်ဝက်ပဲ ခန်းနေပါပြီ။ ဒီအခြေအနေကျမှ အိပ်ရာက လန့်နိုးကြတာ ကျွန်တော် အလွန်ဝမ်းနည်းပါတယ်။
မြို့မှာ ဆင်းရဲတဲ့လူများပြီး ပိုက်ဆံချမ်းသာတဲ့လူက နည်းပါတယ်။ ဒီပိုက်ဆံချမ်းသာတဲ့လူတွေဟာ သူတို့အိမ် သူတို့ဥစ္စာစည်းစိမ်လောက်သာမြင်တယ်။ မြို့ဘာဖြစ်နေနေ မမြင်ချင်ဘူး၊ ခေါင်းရှောင်ချင်ကြတယ် "
ထိုအခါ လူကြီးတစ်ယောက်က ထရပ်၏။
" မောင်ရင် ဘယ်လိုပြောလိုက်တာလဲ။ ဘယ်သူက ဘာလုပ်သေးလို့ ဘာကူညီရမလဲ၊ စကားကို ကြည့်ပြောပါ "
" ကြည့်ပြောနေတာပါပဲ၊ ခင်ဗျားတို့လို ဝမ်းသာတဲ့လူတွေ ရှုရှားကို ခဏပို့ထားချင်တယ်၊ ဂျာမနီ – ရှုရှား "
" တော်ပါ တော်ပါ၊ ဒါ နိုင်ငံရေး တရားပွဲမဟုတ်ဘူး။ မြို့အတွက် ရေရဖို့ အစည်းအဝေးခေါ်တာ ရန်တွေ့ဖို့ခေါ်တာ မဟုတ်ဘူး "
" ခင်ဗျားတို့ စီးပွားရေးကို ထိလာရင် ပြောတဲ့လူကို ရန်သူလို့ ခင်ဗျားတို့က သဘောထားတာ "
ပရိသတ်များလည်း ရှုံ့သူရှုံ့ မဲ့သူမဲ့နှင့် နဂိုကမှ စိတ်မပါဘဲ မလွဲမရှောင်သာ၍ လာရသည့်အထဲ ယခုကဲ့သို့ကြားရတွေ့ရသောအခါ လာမိခြင်းကိုပင် နောင်တရသကဲ့သို့ အသွင်ဖြစ်ပေါ်ကြဟန်ကို အဖြူအကဲ ခတ်မိလေသည်။
ထိုအခါ နာယကအဘိုးကြီးက
" ကျုပ်က မြို့မိမြို့ဖဖြစ်နေလို့ မြို့အရေးကို ကျုပ်အရေးပဲ သဘောထားပြီး စုစုဝေးဝေးစည်းဝေး တိုင်ပင်ကြဖို့လုပ်တာ၊ မောင်တို့ ဒီလို ကန့်လန့်ပြောနေကြရင် ကျုပ်တာဝန်ကုန်ပြီ၊ ကျုပ်က စိတ်ရှည်တဲ့လူမဟုတ်ဘူး၊ ရေအတွက်ပဲ ပြောရင်ပြောကြ၊ ရေမပြောပဲ ဒီ့ပြင် စကားတွေ ခွပြောရင် ကျုပ်အစည်းအဝေးကို ကျုပ်ဖျတ်ပစ်လိုက်မယ် "
ဟုနှုတ်ခမ်းမွှေးကြီးထောင်ကာ အလွန်စိတ်ဆိုးဟန်ဖြင့် စားပွဲကို ထု၍ ပြောလေသည်။
" ဟုတ်ပါတယ် ဟုတ်ပါတယ် "
ဟု လူအများ ညည်းညည်းညူညူ ပြောလိုက်သော အသံမှာ တစ်ခန်းလုံး ညံ၍ သွားလေသည်။
" လူကိုက နိုင်ငံရေး ယောင်ယောင် ဘာယောင်ယောင်နဲ့ ရှေ့နေပေါက်စမို့ စကားကလဲ ရှည်လိုက်တာ၊ အစည်းအဝေးပွဲပဲ အနှံ့ခံနေတာပဲ၊ ခွလိုက်မှုတ်ချင်လို့၊ ဒါ သူ့ဝါသနာပဲ "
ဟု အဖြူ့အနားက လူတစ်ယောက်က မိမိနားရှိလူကို တီးတိုးပြောလိုက်သံကို အဖြူကောင်းစွာ ကြားလိုက်ရလေသည်။
အရပ်မြင့်မြင့် ပိန်ပိန်လူတစ်ယောက်က ထရပ်၍
" ဒီလိုပါခင်ဗျာ၊ ရေအတွက် အကြံပေးရမယ်ဆိုရင် ကျွန်တော့်အကြံက မိုးမလာမီ ရေကြာရှည် သုံးနိုင်အောင် တစ်အိမ်ကို တစ်ထမ်းက ပိုမခပ်ရဘူးလို့ အိမ်တိုင်း လက်မှတ်ထုတ်ပေးပြီး လက်မှတ်နဲ့မှ ခပ်ရမယ်လို့ ကြပ်ကြပ်မတ်မတ်ပညတ်ရင် ရေတာရှည်သုံးနိုင်ဖို့ ဖြစ်ပါတယ် "
" လာပြန်ပြီ တစ်ယောက်၊ ညီတောင် နောင်တော်လေ "
ဟု အဖြူ့အနားက လူက စိတ်မရှည်သကဲ့သို့ ရေရွတ်ပြန်လေသည်။
လူအများသည် ထ၍ မပြောကြဘဲ တီးတိုးတီးတိုးနှင့် ထိုအကြံကို ကြိုက်သူကြိုက် မကြိုက်သူမကြိုက် ဖြစ်၍နေလေသည်။ ထိုအခါတွင်မှ အဖြူမှာ မိမိအလှည့်လာပြီဟုများစွာ ဝမ်းသာအားရဖြစ်ကာ နေရာမှ ထ၍–
" ကျွန်မ အစီရင်ခံပါရစေရှင် ရေကို တာရှည်သုံးနိုင်အောင် အထမ်းနဲ့ ကန့်သတ်ပစ်မယ်ဆိုတာ နည်းနည်းမှ မလျော်ပါဘူး၊ အခု အစည်းအဝေးက မြို့သူမြို့သားများ ရေလုံလုံလောက်လောက်ရဖို့ အရေးမို့ လုံလုံလောက်လောက် ရဖို့အရေးသာ စဉ်းစားကြဖို့ ရှိပါတယ်။ လူတွေနဲ့ မတိုင်းဘဲ အိမ်တွေနဲ့သာ တိုင်းပေးရမယ်ဆိုရင် အခုအခါ မြို့ပေါ်မှာ အိမ်တစ်အိမ်မှာ ရှေးကလို တစ်အိမ်ထောင်မဟုတ်ဘဲ အိမ်ထောင်ပေါင်းများစွာ မှီခိုကပ်ရပ်နေကြရတာမို့အိမ်နဲ့ မတိုင်းဘဲ လူတွေနဲ့ တိုင်းပြီး စဉ်းစားစေချင်ပါတယ် "
" မှန်တယ် မှန်တယ်၊ မိန်းကလေးပြောတာ "

www.burmeseclassic.com

www.burmeseclassic.com

ဟု လူတစ်စုက အော်လေသည်။
" ခင်ဗျားကပဲ စဉ်းစားပါဦး၊ စည်းမဲ့ကမ်းမဲ့ ခပ်နေတဲ့ လူတွေနဲ့ ဒီရေကန်နဲ့ လုံလုံလောက်လောက်ရဖို့ အရေးကို "
ဟု သရော်သလို နောက်သလို မျက်နှာအမူအရာ ပြုံးစိစိနှင့် ရှေ့နေပေါက်စဆိုသူက ထရပ်၍ ပြောလေသည်။
" ဟုတ်ပါတယ်၊ စဉ်းစားပြီး ပြောမှာပါပဲ၊ အခုရှိတဲ့ ရေဟာ ခုအတိုင်းသုံးသွားရင် နောက်ကို တစ်လခွဲလောက်တော့ ကောင်းကောင်းကြီး သုံးနိုင်ပါလိမ့်ဦးမယ် ထင်ပါတယ်။ အဲ့ဒါကုန်ရင် အဆက်မိအောင်သာ ရေတွင်းတွေ အမြန်ဆုံး တူးဖို့ပါပဲ "
ထိုအရပ်မှာ ရေတွင်းတူး၍ သုံးကြသောအရပ်မဟုတ်သဖြင့် မဖြစ်နိုင်သလိုလို အစည်းအဝေးရှိ လူအများစုက ထင်ကြလေသည်။
ထိုအခါ ရှေ့နေပေါက်စ ဆိုသူကပင်...
" ငှက်ပျောသီး အခွံနွှာစားသလိုပဲ ခင်ဗျား စကားပြောလိုက်တာ၊ ရေတွင်းဆိုတာ လွယ်လွယ်ကလေး မှတ်လို့လား၊ ဟိုက ဒီက ပိုက်ဆံကောက်ခံလို့ရဦး၊ ဘယ်မှာလဲ ဟိုကန်အခန်းကို ဆက်မိအောင် တူးပေးနိုင်မယ့်လူက မိုးကျလို့နှောင်နှစ်ခါကူးဦး ပြီးပါလိမ့်မယ်၊ ခင်ဗျားရေတွင်းတွေက ထင်မိထင်ရာ လျှောက်ပြောလို့ဖြစ်မလား၊ ဒါအစည်းအဝေး "
ပြောပြီး ပရိတ်သတ်ဘက်သို့ လှည့်၍..
" ဒီပြင်နည်း စဉ်းစားကြပါ "
ဟု ပြောနေလေသည်။
" မှန်ပါတယ်၊ မလွယ်ဘူးဆိုတာကို ကျွန်မသိပါတယ်။ ဒီစကားကို ထင်မိထင်ရာ ပြောတာမဟုတ်ပါဘူးဆိုတာကလည်း သေသေချာချာ နားထောင်ကြပါဦး၊ မလွယ်ဘူးဆိုတာ သိလို့ လွယ်မယ့်နည်းကို စဉ်းစားပြီး ပြောမှာပဲ "
နာယကကြီးနည်း အသိဉာဏ်ဝင်လာသကဲ့သို့ ပြုံးပြီး
" ဟုတ်တယ် ဟုတ်တယ် ကပျက်ယပျက် မပြောကြပါနဲ့၊ မိန်းကလေးပြောမှာ နားထောင်ပါဦး "
ဟု ဝင်၍ ထောက်လေသည်။
" ရေတွင်း ရေဖြစ်ဖို့ အမြန်ဆုံးတူးဖို့ရာ လူပေါင်းမြောက်မြားစွာ လိုပါတယ်။ ဒီလူပေါင်း မြောက်မြားစွာအတွက် အခကြေးငွေလဲ အများကြီး ကုန်ပါလိမ့်မယ် "
ထိုအခါ အစည်းအဝေးနာယက အဘိုးကြီးမှ စ၍ အစည်းအဝေးသို့ လာသော ပစ္စည်းရှိသူတစ်စုမှ တို့အိတ်ထဲက ဘယ်လောက်ထိမလဲဟု တွန့်၍သွားသောစိတ်နှင့် အဖြူအားဝိုင်း၍ကြည့်ကြလေသည်။
" အဲ့ဒီလို လူ မြောက်မြောက်မြားမြားနဲ့ ငွေမြောက်မြောက်မြားမြားရှိမှ ဖြစ်မလို ကျနေတာ၊ ဒီမြို့ရဲ့ ခဲရာ ခဲဆစ်ဒုက္ခကို သိကြားမသလို ဖြစ်ပေါ်လာတာက အခုမြို့မှာ တောက စားပြ လူဆိုးဘေးကို ကြောက်လိုပြေးလာတဲ့ ကုလားတွေနှစ်ထောင်ကျော်ကျော်လောက်ရှိတာ ကျွန်မတွေ့ရပါတယ် "
လူများလည်း အသိဉာဏ်ကိုယ်စီ ဝင်လာသလို လင်း၍လာကာ ဟုတ်တယ်ဟု ဝိုင်း၍ ပြောကြလေ၏။
" အဲဒီ ကုလားဒုက္ခိတ နှစ်ထောင်ကျော်ကို နေ့စဉ်နဲ့အမျှ မြို့ကဆန်ဝေ ဆီဝေ လှူနေတာလဲ ကျွန်မတွေ့ရပါတယ်။ ဒါကြောင့် တစ်ဦးကျေးဇူး တစ်ဦးတုံ့ပြန်တဲ့သဘောနဲ့ ရပ်ရွာမှာ ငွေရှိတဲ့လူရော၊ မရှိတဲ့လူရော၊ မနစ်နာရလေအောင် ဒီကုလားတွေကိုပဲ အလကားကျွေးထားရတဲ့ အတောအတွင်း ကျွေးလဲကျွေးမယ်၊ ခိုင်းလဲခိုင်းမယ်ဆိုရင် တစ်တွင်းမဟုတ်ပါဘူး၊ ရေတွင်းသုံးတွင်း အချိန်မီ ပြီးနိုင်ပါတယ် "
နာယကနှင့်တကွ ပိုက်ဆံရှိသူတစ်စုမှာ ထိုစကားကြားရမှ အသက်ရှူချောင်၍ နေသားထိုင်သားကျသွားသကဲ့သို့ ဖြစ်ပြီး
" တော်ပါပေတယ်၊ မှန်ပါပေတယ်၊ ဟုတ်ပါပေတယ် "
... ဟု ဟတ်ဟတ်ပက်ပက် ရက်ရက်ရောရော သဘောတူညီပြောကြဆိုကြလေ၏။
" ဒီတော့ ဒီတာဝန်ကို လူကြီးများက ယူပြီး ကုလားတွေကို မင်းတို့မြို့မှာ နေလဲနေ၊ တို့ပေးတဲ့ အလုပ်ကိုလဲ လုပ်လို့ ကြပ်မတ်ပြောဆိုပြီး ကိုယ်ဖိရင်ဖိနဲ့ ဝီရိယစိုက်ထုတ်ပြီး စီစဉ်ကြရင် ဒီမြို့ကလေးမှာရှိတဲ့ လူတွေဟာ ရေအတွက် ဒုက္ခကို လွတ်ကင်းချမ်းသာရာရကြမှာမို့ လူကြီးသူကြီးတွေကို ကျွန်မက အများကြီးပဲ တောင်းပန်ပါတယ် "
ဟုပြော၍ထိုင်လိုက်လေသည်။
လူများလည်း အဖြူအား ဝိုင်း၍ ကြည့်ကြလေ၏။ အဖြူမှာ ရိုးရိုးကလေး ဝတ်စားဆင်ယင်၍ လာသော်လည်း ထိုရိုးရိုးကလေး ဝတ်စားဆင်ယင်ခြင်းကပင် နဂိုရုပ်ကို ထင်ရှားစွာ ရုပ်လုံးထ၍ ပြထားသလို ရှိနေခြင်းကြောင့် အလှမှာ မမွမ်းမံမခြယ်သဘဲ ပကတိအလှ နဂိုရှိအလှ ပေါ်ပေါက်ထင်ထင်ကြီး လှနေသဖြင့် အပြောရော ရုပ်ပါ ချီးမွမ်းမကုန်နိုင်အောင် ဖြစ်ကြလေ၏။
ရှေ့နေပေါက်စကလည်း ရှက်ကိုးရှက်ကန်းအသွင်နှင့် အဖြူကို အထူးသတိပြု၍ ကြည့်လေသည်။
အဖြူ၏ချောပုံလှပုံနှင့် ယဉ်ကျေးသိမ်မွေ့ပုံမှာ မိမိတစ်သက်မှာ ယခုတစ်ကြိမ်သာ မြင်ရဖူးသကဲ့သို့ ဖြစ်ကာ ခေါ်တောကြည့် ကြည့်နေလေ၏။
လူများမှာ အနည်းငယ် စည်းဝါးရိုက်ကြပြီး သကာလ ထိုကိစ္စကို နောက်တစ်နေ့မှာပင် တာဝန်ယူမည့်လူ ရွေးချယ်ဖို့ အစည်းအဝေးတစ်ခု ခေါ်ပြီးလျှင် အမြန်ဆုံး လုပ်ဖို့ရန် ဆုံးဖြတ်ချက်ချ၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်လေတော့သည်။
အဖြူလည်း ခပ်သုတ်သုတ် အိမ်ဘက်ဆီသို့ လျှောက်၍ ပြန်လာလေ၏။ မိမိအကြံ အထမြောက်ခြင်းကို ကြည်နူးသကဲ့သို့ အလွန်အထူး ဝမ်းမြောက်သဖြင့် နောက်တစ်စုံတစ်ယောက်လိုက်လာသော အသံကိုမျှ

www.burmeseclassic.com

မကြားနိုင်ဘဲရှိလေသည်။
" ဒီမှာ ဒီမှာ ခဏနေပါဦး "
အဖြူလည်း ရပ်လိုက်လေသည်။
ထိုသူသည် အဖြူထံသို့ အမီလာ၍ အဖြူကို ကျော်ပြီးအဖြူ့ရှေ့မှာ ကာဆီးကာ ရပ်လေ၏။
ထိုလူမှာ အစည်းအဝေးပွဲတွင် လျှာရှည်သော ရှေ့နေပေါက်စ ဖြစ်လေ၏။
" အစည်းအဝေးမှာ ပြောတာ၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ "
အဖြူက
" စိတ်ဆိုးစရာ မရှိပါဘူး "
ဟု တည်ငြိမ်သောအသံနှင့် ပြောလေ၏။
" ဟိုတစ်လေက ဗိုလ်တံနားမှာ ရာဇဝတ်ဝန်ကြီးစကော့နဲ့ သေနတ်ပစ်နေကြတာ ခင်ဗျားပဲ မဟုတ်လား "
" ဟုတ်ပါတယ် "
" ဟိုကတည်းက အတော်ချောတဲ့ မိန်းမပဲ၊ ဘယ်ကများပါလိမ့်လို့ အောက်မေ့တာ ခင်ဗျားပဲကိုး၊ လက်စသတ်တော့ ဟဲဟဲ ခင်ဗျား ဒီမြို့ကတော့ မဟုတ်ပါဘူး ဘယ်ကလဲ "
ထိုယောက်ျား၏ အမူအရာမှာ ပို၍လွန်ကွဲမဲ့လှသဖြင့် တစ်ခဏချင်း အဖြူရွံမလေ၏။
" မိတ်ဆွေဖွဲ့ချင်လို့လား၊ ဘာဖြစ်လို့ လိုက်မေးတာလဲ။ ဘာလုပ်မလို့လဲ "
ဟု အဖြူက သိက္ခာရှိရှိနှင့် ခပ်ဆတ်ဆတ် ပြန်၍ မေးလေ၏။
" ကျုပ်က နိုင်ငံရေးသမားတစ်ယောက်ဆိုတော့ ဒီလိုမြို့ရေးရွာရေးကိစ္စကို စိတ်ဝင်စားဖော်ရတာ ကျုပ်နဲ့ ကူဖော်လောင်ဖက်မို့ မိတ်ဆွေလည်း ဖြစ်ချင်ပါတယ် ဟဲဟဲ "
" ရှင်ပြောတဲ့ နိုင်ငံရေးကို ရှင်နားလည် ရဲ့လား "
အဖြူလည်း ပြောပြောဆိုဆို သူ့ကိုကျော်၍ ခပ်သုတ်သုတ် မိမိအိမ်ဘက်ဆီသို့ ထွက်ခဲ့လေသည်။
မိမိထွက်လာလျှင် ထွက်လာချင်း ရယ်သံတစ်ခု မိမိနောက်မှ ရိသဲ့သဲ့ကြားလိုက်ရရာ ထိုရယ်သံမှာ လှောင်ပြောင်သော ရယ်သံမဟုတ်ဘဲ ရန်ငြိုးရန်ဘက်ပြုလိုက်သော အသံဟု ကောင်းစွာ သိသော်လည်း အဖြူကား ဂရုမစိုက်ပေ။
ရက်များမကြာမီ အဖြူတို့မြို့မှ အစိုးရများ ရုပ်သိမ်းဆုတ်ခွာပြီးသော သတင်းနှင့် ထပ်တူမြို့ကို လူငယ်များ အသင်းအဖွဲ့က အုပ်ချုပ်ထားကြောင်း သိရလေသည်။
မြို့မှာ ကျီးလန့်စာစားဖြစ်၍နေလေသည်။ ချက်ချင်းလက်ငင်း အကျဉ်းထောင်ကြီး တစ်ခုထဲကျရောက်သွားကြရသကဲ့သို့ လူများထင်မှတ်ကာ အနေကျုံ့ အထိုင် ဖြစ်ကြလေကုန်၏။
အမိန့် အမျိုးမျိုးပေး၍ ပါဝါပြသော မောင်းသံမှာလည်း မြို့တွင် တဒူဒူဖြစ်၍ နေလေသည်။
လူအများရဲ့ ကျေနပ်ကြည်ညိုမှုကို ရမှ တည်တံ့ခိုင်မြဲမှာကို သင်းတို့ မသိရှာ့သလား၊ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုသလို နေမှာပါပဲ "
ဟု အဓိပ္ပါယ်နက်နက်ကြီးတွေး၍ စိတ်မောမိလေသည်။
အုပ်ချုပ်ပုံ အုပ်ချုပ်နည်းတွေမှာလည်း အစီအစဉ်မရှိဘဲ အချို့အမှားမှား အလွဲလွဲဖြစ်သဖြင့် မခံမရပ်နိုင်အောင်ဖြစ်လေသည်။
ထိုထက်ပိုမို၍ မခံရပ်နိုင်အောင် ဖြစ်ရသောအကြောင်းမှာ လူအများကြားသိစေလိုက်သည်။ သိုလှောင်စုဆောင်း သိမ်းဆည်းထားသော ငွေများကိုသော်လည်းကောင်း နေ့စဉ်သုံးစွဲနေကြသော ငွေများကိုလည်းကောင်း မိမိတို့အိမ်တွင် အနည်းငယ်မျှ မထားဘဲ အုပ်ချုပ်ရေးမှုးရုံးတော်သို့ ချက်ချင်းယူလာကြရမည်။
ဤအမိန့်ကို မနာခံလျှင် ကြီးလေးသော အပြစ်ဒဏ်ပေးလိမ့်မည်ဟု မြို့ထဲတွင် တကြော်ကြော်လိုက်၍ အော်ခြင်းပင် ဖြစ်သည်။
အဖြူလည်း အိမ်က လူကြီးများ တားမြစ်ခြင်းကိုမှ အလေးဂရုမပြုနိုင်တော့ဘဲ ကပျာကသီ ဘဘကြီးဆိုသူအိမ်သို့ ထွက်ခဲ့လေသည်။
ရောက်လျှင်ရောက်ချင်း သွေးမရှိတော့သကဲ့သို့ ဖြူရော်ရော်မျက်နှာထားနှင့် ထိုင်နေသော ဘဘကြီးကို တွေ့ရလေသည်။
" မိန်းကလေးကို မတွေ့ရတာကြာမှကိုး၊ ကြားရဲ့လားကွယ့်၊ မောင်းခတ်တာ "
" ကြားပါတယ်၊ ကြားလို့ ဘဘကြီးဆီ လာခဲ့တာပါ။ ဘဘကြီးတို့ ဒါကို ဘယ်လို နားလည်ကြသလဲလို့ သိချင်လို့ လာခဲ့တာပါ "
" ခက်တယ် မိန်းကလေး၊ မြို့က သူတို့လက်ထဲမှာ ဖြစ်နေပြီ။ ခံနေရအခက် မခံရအခက် ဘယ်လိုမှ စဉ်းစားလို့ မရနိုင်အောင်ဘဲ တစ်ချို့မှာ ဒါကို ကြားလို့ ထွက်အောင်ပြေးကုန်ကြပြီ။ ဘာကြောင့်မှန်း ခုအထိ မသိရသေးဘူး "
" ဒီအတိုင်းကြည့်နေဖို့တော့ မလျော်ပါဘူး၊ ဘဘကြီး လူကြီးတွေ စည်းဝေးပြီး သူတို့ဆီကို ဘာအဓိပ္ပါယ်နဲ့ ဒီလိုမောင်းခတ်တယ်ဆိုတာ မေးခိုင်းစေချင်တာပါပဲ "
" သူတို့ကို မျက်နှာချင်းဆိုင်ပြီး သွားမေးဝံ့မယ့်လူ အခုအခါမှာ တစ်ယောက်မှ မမြင်ဘူး၊ ရွံ့လဲ ရွံ့လို့ ကြောက်လဲကြောက်ကြလို့ "
ဒါဖြင့်ရင် ဘဘကြီး ဒီကိစ္စကို ကျွန်မဆောင်ရွက်ပါ့မယ်၊ ကျွန်မကိုပဲ လွှတ်ပါ၊ ကျွန်မ မေးပါ့မယ်၊ သူတို့ အဖြေ သိရတော့ မီးစင်ကြည့်က ရအောင် ချက်ချင်း သွားမေးဖို့တော့ မထိုက်ပါဘူး "

www.burmeseclassic.com

www.burmeseclassic.com

" အေးကွယ်၊ ငါ့သမီးပဲ မေးချေစမ်းပါဦး "
ဟု အဘိုးကြီးလည်း အသံတိမ်တိမ်နှင့် ပြောလိုက်လေသည်။
အဖြူလည်း ရုံးသို့ ရောက်လာလေသည်။ အုပ်ချုပ်ရေးမှူး သခင်တစ်ဦးဆိုသူ အခန်းကို မေး၍ ဝင်လေသည်။
အခန်းထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း အဖြူလည်း ကြက်သေသေ၍ သွားလေသည်။
အဘယ်ကြောင့်နည်းဟူမူ သခင်တစ်ဦးဆိုသော အုပ်ချုပ်ရေးမှူးမှာ ဖော်ပြခဲ့ပြီးသော ရှေ့နေပေါက်စပင်
ဖြစ်နေသောကြောင့် ဖြစ်လေသည်။
" အလို ဘာကိစ္စ "
ဟု အော်လိုက်သော အသံကြားမှ
" အုပ်ချုပ်ရေးမှူး သခင်တစ်ဦးဆိုတာ လက်စသတ်တော့ ရှင်ကိုး "
ဟု နှုတ်မှ ထွက်သွားလေသည်။
" ဟား ဟား အံ့သြသွားပြီလား "
" တစ်လမ်းလုံး အံ့သြလာတာ ရှင့်ကိုမြင်တော့ မအံ့သြတော့ပါဘူး၊ ဝမ်းနည်းတာပါပဲ၊ ကျွန်မလာတဲ့ ကိစ္စကတော့
မြို့ကလူကြီးတွေက ရှင်နောက်ဆုံး ခတ်တဲ့ မောင်းဟာ ဘာမောင်းလဲ ဘယ်လိုအဓိပ္ပါယ်ရှိလဲ မသိကြလို့
ရှင်းရှင်းလင်းလင်း သိရအောင် အမေးခိုင်းလို့ လာခဲ့ရပါတယ် "
" အမိန့်နဲ့ မောင်းကို ခွဲခွဲခြားခြား ပြောပါ၊ အဲဒါ မောင်းမဟုတ်ဘူး၊ အမိန့် အမိန့် ဘယ် အမိန့်ဟာလဲ "
" ဩော် ဒါ အမိန့်လား၊ ရှင်ထုတ်တဲ့ အမိန့်မှ ရှင် မသိဘူးလား၊ ငွေတွေယူခဲ့ရမယ်ဆိုတဲ့ အမိန့်လေ "
" အဲဒါ ဘာဖြစ်လဲ "
" အဲဒါ အဓိပ္ပါယ်မရှင်းလို့ အဲဒါ ဘာလုပ်မလို့ပါလဲတဲ့ "
" အမယ် ကြီးကျယ်လိုက်တာ ဘာအဓိပ္ပါယ် မရှင်းသလဲ၊ ငွေတွေ ရုံးကို အကုန်ယူခဲ့ကြရမယ်ဆိုတာ ဒီထက် ရှင်းတဲ့
အဓိပ္ပါယ် ရှိသေးလား၊ ဘာလုပ်မလို့လဲဆိုတာ ဘာဖြစ်လို့ ကိုယ်တိုင်လာမမေးကြသလဲ၊ မင်းလဲ အတော်သတ္တိရှိပါလား၊
ကျုပ်မင်းအကြောင်းကို အခုမှ သိတယ်၊ မင်းကို မသင်္ကာဘူး၊ မင်းယောက်ျား... ၊ ယောက်ျားဆိုတောင်
အတော်ရမ်းတဲ့ယောက်ျားပဲ "
" ရှင်ကတော့ကော ရှင်လဲ မိန်းမပါပဲ၊ မိန်းမမှ တော်တော်ကန်းတဲ့ မိန်းမ "
" ဒါ ရုံး၊ အရင်ကလို လမ်းမထင်နဲ့ သတိထားပြော၊ ဟိုမှာ တွေ့ရဲ့လား "
ဟု အခန်းထောင့်တွင် မြို့ပေါ်က သိမ်းထားသော သေနတ်ပုံကို လက်ညှိုးထိုး၍ ပြောလေသည်။
" ဒီသေနတ်တွေကလဲ သိမ်းထားတာတွေပဲလား၊ တစ်သက်တစ်ခါ သေရတာဟာ အဆန်းမဟုတ်ပါဘူး၊ လူကြီးတွေကို
ဘယ်လိုပြန်ပြောရမလဲ ဒါပဲ ပြောလိုက်ပါ "
" အာဂပါကလား၊ မင်း ကျပ်ကျပ် သတိထားပါ၊ ရှုပ်မယ် မကြံနဲ့ လူကြီးတွေဆိုတဲ့ လူတွေကို ပြောလိုက်၊
ဒီအမိန့်အတိုင်းပဲလို့ ခေါင်းမာမယ်များ မကြံနဲ့နော်၊ စစ်တပ်တစ်တပ် တအောင့်လောက်ကြာရင် ဟောဒီမြို့ထဲမှာ
ရောက်လာမယ်၊ နိုင်ငံခြားကို စွန့်စွန့်စားစားသွားပြီး စစ်တပ်ဖွဲ့တိုက်လာတာ၊ မြန်မာ့တပ်မတော်လာပြီ၊ ကျုပ်အမိန့်ကို
ရီးတီးရားတား လုပ်မယ် မကြံနဲ့ "
နိုင်ငံခြား စွန့်စားသွားပြီး စစ်တပ်ဖွဲ့ တိုက်လာတာ ဟူသော စကားသည် အဖြူ၏ ဦးခေါင်းတွင်းသို့ တစ်လုံးစီဝင်၍
သွားသည်။
အုပ်ချုပ်ရေးမှူးထံမှ ထပ်မံ၍ စကားထွက်လာလိမ့်ဦးမည်လားဟု အတန်ကြာပင် ငေးစိုက်စောင့်စားမိသေးသည်. နောက်မှ
အုပ်ချုပ်ရေးမှူးက ဘာမျှ မပြောသဖြင့်
" ရှုပ်ချင်လို့လာတာ မဟုတ်ဘူး၊ ရှင်းမလားလို့ လာမေးတာပါ၊ ပြောလိုက်ဆိုလဲ ပြောလိုက်ရတာပေါ့ "
အဖြူလည်း ပြောပြောဆိုဆို ထွက်ခဲ့လေသည်။
ထိုသူလည်း တစ်စုံတစ်ရာကို တွေး၍ မသိမသာ ပြုံးပြီး ခေါင်းညိတ်လေ၏။
အဖြူသည် အဘိုးကြီးအိမ်သို့ သွားရာ အဘိုးကြီးက အဖြူမရောက်ခင်အပြင်သို့ ထွက်နှင့်နေသဖြင့် မစောင့်ဆိုင်းနိုင်ပဲ
အိမ်သို့ ပြန်လာလေသည်။
သို့ပြန်လာရာလမ်းတွင် အဖြူ၏နားတွင် စွဲ၍လာသော စကားမှာ စစ်တပ်၊ မြန်မာ့တပ်မတော်လာပြီ ဟူသော
အုပ်ချုပ်ရေးမှူးပြောလိုက်သော စကားစပင် ဖြစ်လေတော့သည်။
မြန်မာ့တပ်မတော်၊ မြန်မာ့စစ်တပ်တဲ့ ဘယ်ကလူတွေ ဘယ်သူများပါလိမ့်၊ ကိုမြတ်စိုးတို့ လူစုများဖြစ်နေမလား
ဖြစ်ပါစေရှင်၊ ဖြစ်ပါစေ၊ ဖြစ်ရင် အင်မတန် ဟန်ကျမှာပဲ၊ ငါဟာ အလွန်ကုသိုလ်ဆိုးပါကလား၊ အားထားရာ
ဖေဖေဆီကလဲ ဘာအကြောင်းမှ မကြားရ၊ အားကိုးရာ ချစ်သူဆိုတာလဲ ဘာသတင်းမသိ၊ သည်လို အမှားမှား
အယွင်းယွင်း ဖြစ်နေတဲ့အခါ ငါတစ်ယောက်တည်းအားနှင့် ဘာမှ မပေါက်ရောက်ဘူး။
သည်လိုလူမျိုး လက်ထဲမြို့ရွာကြီးထည့်လိုက်ရတာ ဖြစ်ချင်တိုင်းဖြစ်ကုန်တတော့ အဆန်းမဟုတ်ပါဘူး။
နိုင်ငံရေး၊ အာဏာရရင် သည်အာဏာကို ဘယ်လိုနည်းနှင့် လူတွေမှာ အများဆုံး အကျိုးကျေးဇူးဖြစ်အောင်
လုပ်ရမယ်ဆိုတာ လေးလေးနက်နက်ကြီးလည်း တွေးထားတဲ့လူ မဟုတ်ဘူး။ ကျကျနနကြီးလည်း ပြင်ဆင်မယ့်
လူစားလည်း မဟုတ်ဘူး၊ ပေါ့ပေါ့ဆဆ ပါလာတဲ့ အကျင့်နဲ့မြို့ရွာကို အုပ်ချုပ်တော့ ဘယ်မှာလာ
စည်းကမ်းတကျဖြစ်နိုင်တော့မလဲ။ အခွင့်အရေးရတယ်ဆိုရင်ပဲ သည်အခွင့်အရေးကို ကိုယ့်အခွင့်အရေးလုပ်ပစ်ပြီး
ကောင်းကောင်းကြီး အလွဲသုံးစားလုပ်ကြရင် သည်မြို့တော့ ခက်ကုန်မှာပဲ၊ ကိုမြတ်စိုးတို့ နိုင်ငံရေးအာဏာကို

www.burmeseclassic.com

လိုချင်တယ်ဆိုတာ ရလာတဲ့အာဏာနဲ့ နိုင်ငံအကျိုးတစ်အားကျုံးပြီး သည်ပိုးလုပ်ကိုင်နိုင်ဖို့ လိုချင်ကြတာ၊ လိုချင်လို့လဲ စွန့်စားကြတာ၊ အခုတော့ သည်လို ဖြစ်ပါတော့မလား။
ကိုယ့်အာဏာနှင့် တတ်နိုင်သမျှ ညှဉ်းမယ်၊ အာဏာပြမယ်ဆိုတာမျိုး ဖြစ်နေမှာလား၊ ကိုမြတ်စိုးသာ ခုလို ဖြစ်တာမျိုးကို သိရင် ဘယ်နည်းနှင့်မှ သဘောကျနိုင်မှာ မဟုတ်ဘူး။
ငါတောင် အခုလို ဖြစ်နေသေးရင် သူတို့ဆိုတော့ ပြောစရာရှိမှာ မဟုတ်ဘူး။
ကိုယ့်အမျိုး လွတ်လပ်ဖို့ကို အသက်နှင့်လဲပြီး၊ ကာကွယ်ကြတယ်၊ စွန့်စားကြတယ်၊
သည်မျက်နှာတွေကိုမှမထောက်တော့ဘူးလား။
ကိုမြတ်စိုး ဘယ်များရောက်နေပါလိမ့်၊ ဘယ်လိုဖြစ်နေတာလဲမသိ၊ တိုင်းရေးပြည်ရေးကြီးကလဲ အရှည်တွေးရင် ခုပုံဖြင့် ရင်လေးစရာပဲ၊ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းတွေ တတ်မှ တော်မှ လိမ္မာမှလို့ ဖေဖေပြောတာ သိပ်မှန်ပါကလား။
ခုဖြင့် ပန်းတိမ်ဆရာကလည်း အစိုးရဖြစ်၊ ရေ့နေကလည်း အစိုးရဖြစ်၊ ဆန်ကုန်သည်ကလည်း အစိုးရဖြစ်နှင့် ဖြစ်ချင်တိုင်းဖြစ်နေလိုက်ကြတာ နစ်နာစရာရှိရင် များများကြီး နစ်နာကုန်တော့မှပဲ။
ကိုမြတ်စိုးရယ်၊ အဖြူ ကိုမြတ်စိုးကို ဘယ်မှာ လိုက်ရှာရမလဲ ကိုမြတ်စိုးရဲ့ မွန်မြတ်တဲ့ စိတ်ဟာ ထင်တိုင်းပေါက်ပါတော့မလား။
ကိုမြတ်စိုးတို့ကိုယ်တိုင် ရွေးချယ်ပြီး အပ်နှင်းရတဲ့ လူတွေမဟုတ်တဲ့ လူပေါက်သောက်တွေမို့ ကိုမြတ်စိုးအပေါ်မှာ တကယ်ပဲ သစ္စာရှိပါ့မလား၊ ကိုမြတ်စိုးတို့ရဲ့ စေတနာတွေကို သည်လူတွေ အလွဲသုံးစားလုပ်ရင် ခက်မကုန်ဘူးလား။
ကိုမြတ်စိုးရဲ့ ရည်မှန်းထားတဲ့ အခြေအနေဟာ ခုပုံဖြင့် တကယ်ဆိုက်ပါ့မလား။
ကိုမြတ်စိုး၊ ကိုမြတ်စိုး စစ်ဖြစ်ရင် ကမ္ဘာ့အခြေအနေတွေလဲ ပြောင်းလဲသွားလိမ့်မယ်၊ အဲသည်လို ပြောင်းလဲသွားရင် ကိုမြတ်စိုးနှင့် ဖြူစပ်ကြားက အရေးတွေလည်းပြောင်းလဲကောင်း ပြောင်းလဲမည်။ သည်အခါမှာ ဖြူက ကိုမြတ်စိုးကို ဖြူ့ရဲ့ အချစ် အပ်နှင်းပါတဲ့။ အခြေအနေတွေတော့ ပြောင်းလဲကုန်ပါပြီ။ ဖြူ့အချစ်ကို ဘယ်မှာလိုက် ဘယ်မှာရှာပြီး အပ်နှင်းမလဲ၊ အခုလာမယ်ဆိုတဲ့ စစ်တပ်မှာများ ကိုမြတ်စိုးပါရင်လေ အဖြူဘယ်လို ဝမ်းသာမလဲ၊ အဖြူ ကိုမြတ်စိုးကိုတွေ့ချင်သလို ကိုမြတ်စိုးလည်း အဖြူ့ကို တွေ့ချင်လိမ့်မယ်ဆိုတာ အဖြူ ယုံကြည်ပါတယ်။ အဖြူဘယ်လို ကိုယ်ထင်ပြရပါ့မလဲဟု တွေ့လိုစိတ် မြင်လိုစိတ် ပြင်းပြစွာ တမ်းတတွေးတောမိလေ၏။
အဖြူသည် အိမ်သို့ရောက်သောအခါ စိတ်ပင်ပန်းကိုယ်ပင်ပန်း ဖြစ်လာပုံဖြင့် မည်သူ့ကိုမျှ စကားမပြောနိုင်ဘဲ မိမိအိပ်ရာတွင်လှဲကာ တွေးလာသော အတွေးကို ဆက်ကာ တွေးနေလေ၏။
" အဖြူ "
အဖြူသည် မျက်စိ မဖွင့်ချင်ဖွင့်ချင်ဖွင့်၍ ကြည့်လေသည်။
" တိုင်းပြည်ကလဲ မငြိမ်မသက် အဖြူကလဲ မငြိမ်မသက် တယ်ခတ်သကိုးကွယ့်၊ ကိုယ့်ရပ်ကိုယ့်ရွာလည်း မဟုတ်။ အခုလို မငြိမ်မသက်တဲ့အခါ ကိုယ်က မိန်းကလေးသာပြီး ငြိမ်ငြိမ်သက်သက်နေရမယ်၊ဒေါ်လေးတို့များဒီမြို့မှာနေ ပမယ့် မြို့ကဒေါ်လေးရှိမှန်းသိအောင် မနေဘူး။ ဒေါ်လေးနေသလို နေမှပေါ့၊ ပြီး အစ်ကိုကြီးဆီကလဲ ဘာသတင်းမှ နောက်ထပ်မကြားတော့ဘူး။ အခြေအနေတွေကလဲ ဘယ်လိုမှန်းမသိရဘူး။ ခုနကလဲ မြို့နားမှာ စစ်တပ်ရောက်လာသလိုလို ပြောသံကြားရတယ် "
'ဒေါ်လေးကို ဘယ်သူပြောသလဲ "
" အေးမိ ဈေးက ပြန်လာလို့ ကြားခဲ့သတဲ့ "
အဖြူလည်း အသက်ကို ပြင်းပြင်းရှူလိုက်ပြီးမှ
" စစ်တပ်တွေလာတယ်ဆိုရင် ဒီမြို့အခြေအနေလဲ ပြောင်းချင်ပြောင်းသွားမှာပဲဒေါ်လေး၊ လူတွေလည်း နေလို့ထိုင်လို့ ကောင်းရင်ကောင်းသွားမှာပါပဲ "
" ဘာဖြစ်လို့လဲကွယ် "
" စစ်တိုက်လာတာက လွတ်လပ်ရေးကို ရည်မှန်းပြီးတိုက်လာတော့ လူတွေကို လွတ်လွတ်လပ်လပ် တရားသဖြင့် နေနိုင်ဖို့အခွင့်အရေးတွေ ပေးမှာပါ "
" ငါတော့ တယ်မထင်ပါဘူး၊ဒီမြို့မှာ နေတောင် မနေချင်တော့ဘူး၊ ရွာကလေးက လူတွေကလဲ လာလာခေါ်နေတယ်၊ ငါဖြင့် ရွာကလေးမှာပဲ ရွှေ့နေချင်တော့တယ် "
အဖြူလည်း မည်သည့်အဖြေမျှမပေး၊ တစ်စုံတစ်ရာကိုသာ တွေးတော ငေးမော၍ နေလေသည်။
အဖြူများစွာ စိတ်မချမ်းသာ ဖြစ်နေပုံကို အဒေါ်လည်းရွှေ့ဖို့ ဘာမျှ မပြောဘဲ တိတ်ဆိတ်စွာ နေလိုက်လေ၏။
နေလုံး ကွယ်ပျောက်၍ ညချိန်သို့ ရောက်သည့်တိုင်အဖြူအိပ်ရာမှ မထဘဲ နေလေ၏။
မိမိ ဤနေ့လောက် ချစ်သူကို သတိရသည်မှ တစ်ခါဖူးမျှ မခံစားဖူးသည့်အဖြစ်ကို အဖြူ စဉ်းစားမိလေ၏။
အဖြူအခန်းတွင်ကား လရောက်ထိန်ထိန် လင်းလျက်ရှိနေ၏။
အဖြူ၏စိတ်မှာကား လရောင်လင်းသကဲ့သို့ လိုက်၍မလင်းနိုင်ပေ။ အဖြူသည် မိမိဖခင်ထံမှ ရရှိထားသော ချစ်သူ၏ စာကလေးကို လရောင်တွင်ဖြန့်၍ ဖတ်လေ၏။

အဖြူ
ကိုမြတ်စိုးတော့ သွားပြီ၊ အဖြူနဲ့တွေ့ပြီး အဖြူလိုလားတဲ့ နိုင်ငံရေးကိုလုပ်ရန် ရှေးဦးစွာ ဆုံးဖြတ်ပြီး ကိုမြတ်စိုး မြန်မာပြည်က ထွက်ခွာ သွားပါပြီ၊ ကိုမြတ်စိုးရဲ့ အချစ်ပန်းကို အာကာသကောင်းကင်မှာ ဆွဲချိတ်ထားခဲ့သလို အဖြူရဲ့

www.burmeseclassic.com

အချစ်ရတနာကိုလဲ ဝသုန္ဓေ ဤမြေကြီးမှာ မြှုပ်နှံ၍ထားပါ၊ ဘယ်ရန်သူမျိုးမှ တိုက်ယူနိုင်လိမ့်မည် မဟုတ်ပါဘူး၊ စာရှည်ရှည်ရေးဖို့ အချိန်မရဘူး အဖြူ၊ ကိုမြတ်စိုး လူချင်းခွဲကာနီးနောက်ဆုံးပြောတဲ့ စကားကို အမြဲသတိရ၍ အချစ်ကို ယုံစားပြီး စောင့်ပါနော်။

မြတ်စိုး

ဖတ်၍ကား အားမရ၊ ဖတ်၍ကား မတင်းတိမ်၊ အကြိမ်ကြိမ်ဖတ်လှသဖြင့် စာရွက်ကလေးသည် နွမ်းရိ၍ လာလေသည်။
အဖြူလည်း ပင်ပန်းနုံးချိ၍လာသဖြင့် အိပ်ရာပေါ်သို့ တစ်ဖန်ပြန်၍ လှဲပြန်လေ၏။
ထိုအခိုက် ရုတ်တရက် အဖြူ၏အနားတွင် ဆူညံစွာခေါက်လိုက်သော သံချောင်းသံကို ကြားလိုက်ရရာ အဖြူလည်း အိပ်ရာမှ အမြန်ထ၍ အဒေါ်ရှိရာ အခန်းသို့ ပြေးလေတော့သည်။
“ ဒေါ်လေး ဒေါ်လေး လေယာဉ်ပျံတွေလာတဲ့ အချက်ပေးနေပြီ ထထ ”
ဟု အဒေါ်အား နှိုး၍ အိမ်အောက်သို့ ဆင်းပြေးကြလေသည်။
အောက်သို့ ရောက်လျှင် ရောက်ချင်းအိမ်မှာ သိမ့်သိမ့်တုန်လေ၏။ ဗုံးလာ၍ ကြဲနေလေပြီ။ အဖြူတို့ကား မြေတွင်းတစ်ခုတွင် ဝင်၍ ပုန်းကြလေ၏။
အဒေါ်မှာ တွင်းထဲတွင် သတိလစ်နေသဖြင့် အဖြူမှာ ဗုံးသံလည်း ဂရုမစိုက်နိုင်၊ လူအများ အော်ကြဟစ်ကြ ပြေးကြလွှားကြ ရုန်းရင်းဆန်ခတ် ဖြစ်နေသံတွေကိုလည်း မကြားနိုင်၊ အဒေါ်အတွက် စိတ်အများကြီး ပူမိလေသည်။
အဒေါ်ကိုသာလျှင် သတိရရန် ပြုစုရလေ၏။ နာရီဝက်ခန့်ရှိသောအခါ ဗုံးသံလည်း စဲ၍ လေယာဉ်ပျံသံတွေလည်း မကြားနိုင်၊ အဒေါ်အတွက် စိတ်အများကြီး ပူမိလေသည်။
နာရီဝက်ခန့်ရှိသောအခါ ဗုံးသံလည်း စဲ၍ လေယာဉ်ပျံသံတွေလည်း ဝေး၍ သွားလေ၏။
အဖြူသည် သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်၍နေသော အဒေါ်အား အိမ်အပေါ်သို့ သယ်ယူတင်ပို့ပြီးလျှင် သတိရစေရန် အထူးပြုစုရရာ မကြာမီ သတိကောင်းစွာ ရလာလေသည်။
အဖြူလည်း ထိုအခါမှ တစ်မြို့လုံး လောင်နေသော မီးကို လည်းကောင်း လူတွေ၏ အော်သံဟစ်သံကိုလည်းကောင်း မြင်ရကြားလာရလေ၏။
အဒေါ်မှာ သတိရလျှင်ရချင်း မိမိမိုးလင်းအောင် မစောင့်ချင်ဘဲ ယခုညပင် ဤမြို့ကလေးမှ ထွက်ခွာလိုကြောင်းပြောလေ၏။ အဖြူက
“ မြို့ထဲမှာ လုကြယက်ကြနဲ့ ဆူလို့ပဲ ဒေါ်လေး ဒေါ်လေး သွားရင်လဲ လင်းမှပဲ သွားပါ ”
ဟု တောင်းပန်နှစ်သိမ့်ကာ ယူစရာများကို အမြန်ဆုံးပြင်ဆင်ရလေ၏။
မိမိတို့မြို့ကလေးမှာ စစ်နှင့် ပတ်သတ်၍ တစ်စုံတစ်ရာကြဲစရာမရှိဘဲနှင့် အဘယ်ကြောင့်လာ၍ ကြဲသနည်းဟု ဆင်ခြင်မိရာ စစ်တပ် စစ်တပ်၊ ဒါကြောင့် လာကြဲတယ် ထင်တယ်ဟု ထုပ်ရင်း ပိုးရင်း ရေရွတ်မိလေ၏။
အားလုံး အဆင်သင့်ဖြစ်လေပြီ။ အဖြူလည်း အလွန်မောပန်းလှသဖြင့် ခေတ္တလှဲနေလေ၏။
မိုးကာ မလင်းသေးပေ၊ စိတ်ရောကိုယ်အနည်းငယ် အနားရသောအခါ အဖြူသည် မိမိ ဤမြို့မှ နံနက်တွင် ထွက်ခွာ၍ သွားရမည်ကို ဝမ်းနည်းသကဲ့သို့ ရှိလေ၏။
မိမိရွာကလေးတွင်နေပါက ကိုမြတ်စိုးလာလျှင် သာ၍ အဆက်အသွယ်ရရန် အလှမ်းဝေးတော့မည်ကို မြင်ပြီးပို၍ ဝမ်းနည်းလာပြန်လေသည်။
သို့ဖြစ်ရာ အဆက်အသွယ်ရရန် နည်းလမ်းအမျိုးမျိုးကို စဉ်းစားလေ၏။ နောက်ဆုံးမှာမူ သက်သာရာ ရစေသော လမ်းတစ်လမ်းကို မြင်လေသည်။
ထိုလမ်းမှာ မိမိမြို့မှ မထွက်ခင် စစ်တပ်နားသို့ လှည်းငှားသွားရင်း မယောင်မလည်ထောက်လှမ်း စုံစမ်းရလျှင် သတင်းစကား ရလိုရငြား ဟူ၍ပင်ဖြစ်လေ၏။ သို့မှသာလျှင် ရွာကလေးကို စိတ်ဖြောင့်ဖြောင့်သွားနိုင်မည်ဟု သဘောပိုက်မိလေ၏။
အာရုံကျင်း၍ မိုးလည်း လင်းလေပြီ အဖြူသည်
“ ဒေါ်လေးမေးက လှည်းငှားသွားတယ်၊ အခုပြန်လာမယ် ပြောပါ ”
ဟု အစေခံ မိန်းကလေးအား မှာခဲ့၍ အိမ်မှ မျက်မှာသုတ်ပဝါကြီးတစ်ထည်ယူလျက် ထွက်ခဲ့လေ၏
နှစ်လှမ်းသုံးလှမ်း လွန်ပြီးမှ တစ်ဖန်စဉ်းစားမိဟန်နှင့် အပေါက်နားတွင် ချ၍ထားသော တောင်းလွတ်ကလေးကို ကပျာကယာ ပြန်ယူကာ ဆက်လက်၍ သုတ်သုတ်ထွက်ခဲ့လေသည်။
မြို့စွန်နားသို့ ရောက်သောအခါ လူသူလေးပါး ရှိမရှိကို ဟိုဟိုသည်သည် ကြည့်လေသည်။
တစ်ဦးတစ်ယောက်မျှ မမြင်ရသောအခါ ယူလာသော တဘက်ကို မျက်နှာကို အနည်းငယ်အုပ်၍ ခေါင်းတွင် ပေါင်းလေ၏။
တစ်ဖန် လုံချည်ကို ဒူးဆစ်အနီးမျှ တိုအောင်ဝတ်ပြီးယူလာခဲ့သော တောင်းကလေးကို ခေါင်းပေါ်တွင် တင်ကာ မြို့ပြင်သို့ သုတ်ခြေတင်ခဲ့လေသည်။
မြို့ပြင်တွင် အဆောက်အအုံဆို၍ကား တစ်စုံတစ်ရာမရှိ လယ်ပြင်ကြီးဖြစ်၍ အဝေးမှ ရွက်ထည်ရုံကဲ့သို့ အုပ်စုကလေးကို မြင်နိုင်လေသည်။
ထိုအုပ်စုကလေးမှာ စစ်တပ်ပင်ဖြစ်လေသည်။ အဖြူသည် ထိုရွက်ထည်ရုံကလေးများနှင့် မလှမ်းမကမ်းရှိ ထန်းပင်စုကလေးနားသို့ ရောက်သောအခါ မိမိကိုယ်ကို ရပ်တန့်၍ လူသွားလူလာကို ကြည့်လေသည်.
လူတစ်ယောက်မျှ ဖြတ်ကျော်သွားလာခြင်းကို မမြင်သဖြင့် စစ်တပ်နားသို့ အဘယ်ပုံ ချဉ်းကပ်ရမည်ကို အကြံယူနေစဉ်

www.burmeseclassic.com

မိမိရှေ့နား မလှမ်းမကမ်းမှ ချုံပုတ်များ လှုပ်ရှားနေသလို မြင်ရလေသည်။
ထိုသို့မြင်ရခြင်းကို မသင်္ကာသဖြင့် ထပ်မံ၍ ကြည့်လိုက်ရာတွင် စစ်သားနှစ်ယောက်သည် သေနတ်ပြောင်းဝကို မိမိရပ်၍ နေသော ဘက်ကို ချိန်ကာ အလျားမှောက်၍ ဝပ်နေကြသည်ကို မြင်ရလေသည်။
ထိုအခါ အဖြူသည် ထန်းပင်လုံးဖြင့် မိမိကိုယ်ကို အလိုလိုကွယ်မိလေသည်။
စစ်သားနှစ်ယောက်သည် ဝပ်ရာမှ ထ၍ တစ်ရှိန်တည်း အဖြူ့ဆီသို့ ပြေးလာကာ အဖြူ့အား သေနတ်လုံ့စွပ်များဖြင့် ချိန်လေရာ အဖြူမှာ ကျောချမ်း၍ သွားလေတော့သည်။
" ဘာလာလုပ်သလဲ ဒီအနားကို "
စစ်သားနှစ်ယောက်လည်း စားတော့ ဝါးတော့မလိုကြည့်၍ သံပြိုင်ပေးလေ၏။
" ညက မြို့ထဲမှာ ဗုံးကြဲလို့ ပြောင်းကြွေ့ကြတာ လှည်းတစ်စီးမှ မအားလို့ ဒီဘက်မှာ လှည်းကလေးများရမလားလို့ လာရှာတာပါ "
စစ်သားများလည်း အဖြူ့အား ခြေဆုံးခေါင်းဆုံး အပြန်အလှန် အတန်ကြာကြည့်ပြီးမှ...
" ဒီမှာ စစ်တပ်ရှိတာ မသိဘူးလား "
ဟု ခပ်မာမာ မေးလေသည်။
" စစ်တပ်လာမယ်ဆိုတာတော့ ကြားပါတယ်။ ဒီအနားမှာ ရှိတာတော့ မသိပါဘူး၊ သြော်... စစ်တပ်က ဒီအနားမှာကိုး ဘယ်သူ့တပ်ပါလဲရှင်၊ ရှင်တို့ စစ်ဗိုလ်ကြီးတွေပါလား "
" ကျုပ်တို့ ဗိုလ်ကြီး မဟုတ်ဘူး။ ဒါ ဗိုလ်ရဲလှတပ်၊ ကျုပ်တို့က စန္ဒရီအစောင့်၊ သွားသွား၊ ဒီအနားကို မလာနဲ့၊ အခြားမှာ သွားရှာ "
အဖြူလည်း အခြားစကားဆက်ရန်မရှိ၊ မိမိကို တွင်တွင်ကြီးနှင်နေသဖြင့် သွားဖို့ရန်သာ ရှိတော့သဖြင့်
" ဟုတ်ကဲ့ရှင့်၊ မသိလို့ပါ သွားပါ့မယ်၊ တစ်ခု မေးပါရစေရှင်၊ ဗိုလ်ရဲလှဆိုတာ နာမည်ရင်းပါလား၊ သူ့နာမည်ရင်းက ဘယ်လိုခေါ်ပါသလဲ "
စစ်သားများသည် အဖြူ့အား အနည်းငယ် မသင်္ကာသလို ကြည့်ကြပြီး
" ပြောစမ်း၊ ဘာလုပ်မလို့ မေးတာလဲ "
အဖြူသည် အသံကို ငြိမ်နိုင်သမျှ ငြိမ်ငြိမ်ထားကာ
" ကျွန်မအစ်ကိုတစ်ယောက် စစ်တိုက်ထွက်သွားတာ ပြန်မလာလို့ပါ "
" ဗိုလ်မှူးနာမည် မသိဘူး၊ ဘာဘာညာညာ မမေးနေနဲ့၊ ဒါစစ်တပ်၊ သွားဆိုသွား "
ဟု တစ်ယောက်က ပြောလေသည်။
အဖြူ၏ မျက်နှာသည် အနည်းငယ်ညှိုး၍ သွားလေသည်။
မိမိသွားမှ တော်တော့မည်ဟု အောက်မေ့ဆင်ခြင်ကာ ခြေလှမ်းလေးလေးဖြင့် ထိုနေရာမှ ထွက်ခဲ့လေသည်။
လေးငါးလှမ်းမျှ လျှောက်မသောအခါ အဖြူသည် လမ်းကို မမြင်တစ်စုံတစ်ရာကိုသာ တွေးထင်၍လျှောက်လာသဖြင့် ကမူတစ်ခုကို ခလုတ်တိုက်မိကာ ရုတ်တရက် အရှိန်မသတ်နိုင်ဘဲ လဲလေသည်။
ထိုအခါ ထာဝစဉ် အမြဲခါးတွင် ထိုး၍ ထားသော သေနတ်ကလေးသည် မြေပေါ်သို့ ပြုတ်ကျလေတော့၏။
ရပ်၍ ကြည့်နေကြသော စစ်သားများလည်း အဖြူမထမီသေနတ်ကလေးကို အပြေးလာ၍ ကောက်လေသည်။
" လာခဲ့ လာခဲ့ မသွားရဘူး၊ စစ်တပ်ကို လိုက်ခဲ့ "
ဟု မျက်မှောင်ကြီးများ ကြုတ်ကာ စစ်သားများက သေနတ်နှင့် အဖြူအား ချိန်၍ စစ်တပ်သို့ အတင်းခေါ်သွားလေ၏။
သစ်ရွက်သစ်ခက်များ မိုး၍ထားသော ယာယီတဲရုံကလေးတစ်ခုသို့ ရောက်သောအခါ " အလေးပြု "အပေါက်ဝမှ သေနတ်ကိုင်၍စစ်သားက အော်လိုက်ရာ အဖြူနှင့်ပါလာသော စစ်သားနှစ်ယောက်လည်း ကိုယ်ကို ကိုင်းညွှတ်နိုင်သမျှ ကိုင်းညွှတ်ကြပြီး အဖြူ့ကို ရှေ့ကထားကာ အတွင်းသို့ ဝင်ကြလေသည်။
အရပ်ပုပုနှင့် လူဝဝ တစ်ယောက်သည် ကာကီရောင်ဘောင်းဘီကို ခပ်ပွပွဝတ်၍ တဲရုံထဲတွင် လမ်းလျှောက်၍ နေလေသည်။ ထိုသူ စီးနင်းထားသော ဘွတ်ဖိနပ်ကြီးမှာ ပေါင်အထိ ရောက်နေလေသည်။
ဓားရှည်မှ ခါးတွင်ချိန်လျက် ၄င်း၏ဆံပင်များမှာ ဆီမထိရ၍ ပြောင်းဖူးမွေးနှင့် တူနေလေသည်။
အလွန်ခက်ထန်သော အမူအရာမှာ ကျောက်သလင်းမှန်ပမာ သူ့မျက်နှာက ဖော်ပြနေလေသည်။
ထိုသူသည် အဖြူတို့ ဝင်လာလျှင်လာချင်း လျှောက်ရာမှ ရပ်လေ၏။ စစ်သားများလည်း ထိုသူအား ဦးညွှတ်ကာ အရိုအသေပြုကြလေသည်။
" ဘာများလဲဟေ့ "
" ဗိုလ်ကြီးခင်ဗျား၊ ဟောဒီမိန်းမ စောစောစီးစီး စစ်တပ်ကို လာချောင်းပါတယ်၊ သူခလုတ်တိုက်မိလို့ လဲသွားတော့ သူ့ကိုယ်ထဲက သေနတ်ကျလာတယ်၊ ဒီမှာ သေနတ်ပါ "
စစ်ဗိုလ်လည်း သေနတ်ကို လှမ်းယူ၍ ထူးဆန်းသလိုလိုဖြစ်ကာသေနတ်ကို တစ်လှည့်အဖြူ့မျက်နှာကို တစ်လှည့်မပြန်အလှန် မျက်မှောင်ကြီး ကြုတ်၍ ကြည့်လေ၏။
အဖြူ၏မျက်နှာမှာ သွေးဆုတ်၍ ဖြူရော်လျက် ရှိသော်လည်း မျက်စိမှာမူကား ဝင်း၍ တစ်စုံတစ်ရာကိုသာ တွေးနေလေသည်။
သို့ တွေးတောသော အကြောင်းအရာမှာ ဆွေးမြည့်ကြေကွဲဖွယ်ရာ အကြောင်းအရာတွေ ဖြစ်ကြလေသည်။ စစ်တပ်ကို မိမိသေနတ်နှင့် လာချောင်းသည်မှာ အမှန်ပင် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် မိမိချောင်းခြင်းမှာ စစ်တပ်မဟုတ်ခြင်းကို စစ်တပ်က မသိနိုင်၊ မိမိသာလျှင် သိခြင်းကို ကောင်းစွာသိသဖြင့် စစ်တပ်က ယုံနိုင်ဖွယ်ရာ ရှိတော့မည် မဟုတ်ခြင်းအတွက် မလာသင့်သည် နေရာလာမိပြီဟု တွေးမိပြီး ဆွေးမြေ့ကြေကွဲမိလေ၏။
စစ်ဗိုလ်လည်း ယဉ်ကျေးသိမ်မွေ့သော အမူအရာဟူသမျှကို တစ်စမကျန် ပပျောက်စေလျက် အဖြူ၏ ရှေ့တွင်လာ၍ ရပ်လေ၏။
ထို့နောက်
" မင်း သူလျှိုပဲ၊ ဘာပြောချင်သလဲ "
ဟု ခက်ထန်သော အသံနှင့် မေးလေ၏။
မိမိအမှားကို မြင်ပြီဖြစ်၍ အဘယ်ပုံဖြစ်သည်ကို ပြော၍မပြချင်အောင် ဖြစ်သော်လည်း အဖြူသည် မေးသူကို အဖြေပေးရမည်ဖြစ်သည့်အတိုင်း–
" ကျွန်မ သူလျှိုမဟုတ်ပါဘူး "
" သေနတ်ကို ခါးထိုးပြီး စောစောစီးစီး စစ်တပ်နားလာတာ သူလျှိုမဟုတ်လို့ သူယောင်လား ပြောစမ်းပါဦး၊ ဒီသေနတ်က ဘယ်ကရသလဲ၊ ဘယ်သူပေးသလဲ "
" ဒီသေနတ်ကလေးကို ကျွန်မ ဘယ်နေရာမှ ချမထားပါဘူး၊ ကျွန်မကိုယ်မှာ အမြဲထားလို့ ပါလာမိတာပါ၊ လာတာက ဒီနားမှာ လှည်းလာငှားတာပါ "
" ဒါပရိယာယ် ဖြစ်နိုင်ပါတယ်၊ မင်းနာမည် ဘယ်သူလဲ "
" အဖြူလို့ ခေါ်တယ် "
" ရုပ်ကလေးနဲ့ နာမည်နဲ့မှ မလိုက်အောင် လုပ်တယ် "
ဟု စစ်ဗိုလ်က ရေရွတ်လေ၏။ ထို့နောက်
" ဒီမြို့ကပဲလား "
" ဟုတ်ပါတယ် ဒီမြို့ကပါပဲ "
" စစ်ဗိုလ်လည်း အဖြူ့အမူအရာကို မကျေနပ်သလို လှမ်း၍ အကဲခတ်ရင်း...
" ဟေ့ မြို့ထဲက အုပ်ချုပ်ရေးမှူးကို သွားခေါ်စမ်း၊ အရေးကြီးတယ်။ တစ်ခါတည်း လိုက်ခဲ့လို့ပြော "
ဟု စစ်သားတစ်ယောက်ကို အမိန့်ပေးလေ၏။
အဖြူသည် အုပ်ချုပ်ရေးမှူးကိုဟု သိလိုက်သောအခါ ငါတော့ ရေတိမ်နစ်ပြီဟု တွေးတောကာ အလွန်ယူကျုံးမရ ဖြစ်သော အသွင်နှင့် ခေါင်းကို ငုံ့လေ၏။
စစ်ဗိုလ်လည်း အဖြူ့အား နောက်ထပ် ဘာမျှမမေး၊ သေနတ်ကလေးကို ဖွင့်၍ ယမ်းတောင့်များကို ထုတ်ပြီးလျှင် ကစားသလို သေနတ်ကို မြှောက်လိုက် ဖမ်းလိုက်လုပ်ကာ အဖြူ့ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေတော့သတည်း။
အတန်ကလေးကြာလျှင် လူနှစ်ယောက်အတွင်းသို့ ဝင်လာသံကို အဖြူကြားရလေ၏။
" ဟောဒီမှာ ဒီမိန်းမကို ကြည့်စမ်းပါ၊ ဒီမြို့က ဟုတ်သလား၊ ဟေ့ ခေါင်းပေါင်းကို ဖြုတ်လိုက် "
ဟု စစ်ဗိုလ်က အော်၍ပြောလေရာ အဖြူသည် ရုတ်ခြည်းဖြုတ်၍ တဘက်ကို ဘေးတွင် ချထားသော တောင်းထဲသို့ ပစ်ထည့်လိုက်လေသည်။
အုပ်ချုပ်ရေးမှူးလည်း လုံချည်တိုတိုဝတ်ထားသော အဖြူ့ကိုလည်းကောင်း၊ တောင်းကိုလည်းကောင်း၊ တစ်လှည့်စီသေသေချာချာကြည့်ပြီးလျှင် အလွန်အံ့သြသောဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍–
" သြော် သြော် သိပါတယ် "
ဟု ခပ်လေးလေး ဖြေလိုက်သည်။
သေနတ်တွေကို အကုန်သိမ်းရမယ်လို့ အမိန့်ပို့လိုက်တာ ဘာဖြစ်လို့ ဒီမိန်းမလက်ထဲက သေနတ်ကို မသိမ်းသလဲ "
ဟု သေနတ်ကိုပြရင်း ခတ်ထန်သော အမူအရာဖြင့် မေးလေသည်။ အုပ်ချုပ်ရေးမှူးမှာ သာ၍ အံ့သြကာ စစ်ဗိုလ်နှင့် အဖြူအဘယ်ပုံဖြစ်ကြ၍ တွေ့ကြသည်ကို တစ်ခဏချင်းဝေခွဲမရအောင် အလုပ်ရှုပ်သွားလေသည်။
ဒင်း ငါ့အကြောင်းကို တိုင်တော့မလို့ ဒီကိုလာတာများလားဟု သံသယ ရှိလိုက်ပြီးနောက် တစ်စုံတစ်ရာ တွေးတောမိသကဲ့သို့ မျက်စိနှစ်လုံး ဝင်းဝင်းတောက်လာပြီးလျှင်
" ကျွန်တော်မြို့ကို သိမ်းပြီးနောက် ဗိုလ်ကြီးအမိန့်အတိုင်း ချက်ချင်း လက်နက်တွေကို သိမ်းပါတယ်။ ဒီအခါမှာလဲ သူလဲမြို့မှာ ရှိပါတယ်။ သူလာမပေးဘူး၊ သူ့မှာသေနတ်ရှိတာလဲ မသိပါဘူး၊ ဒါပေမယ့် အင်္ဂလိပ်တွေ မပြေးခင်က ဒီနယ်က မျက်နှာဖြူ ရာဇဝတ်ဝန်ကြီးက သူ့ကို ဗိုလ်တဲမှာ သေနတ်ပစ်သင်နေတာ တွေ့ဖူးပါတယ်။ သူ့ဆီမှာ သေနတ်ရှိတာတော့ မသိလိုက်မိဘူး။ "
" သြော် သြော် ဒီလိုကိုး၊ လက်စသတ်တော့ "
စစ်ဗိုလ်သည် တစ်စုံတစ်ခုကို စဉ်းစားမိသော အမူအရာနှင့်
"ကျုပ်စစ်တပ်မနေ့က ရောက်မှာကို ခင်ဗျားအပြင် ခင်ဗျား ဘယ်သူ့ကို အသိပေးသေးသလဲ၊ ကျုပ်တို့လဲ ဒီနေ့ပဲ ဗုံးချခံရတယ်၊ စဉ်းစားစမ်းပါ "
ကျွန်တော် အတွင်းလူတွေသာ ပြောပါတယ်၊ အပြင်လူဆိုရင် "
အုပ်ချုပ်ရေးမှူးသည် စဉ်းစားလိုက်သေးသလို မေးစေ့ကို လက်မနှင့် သုံးကြိမ်လောက် တို့၍ မျက်လုံးများကို

www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်လောက် လှည့်ဝိုင်းပြီးမှ–

" ဩော် ဟုတ်ပြီ ဗိုလ်ကြီး၊ ရုံးကို သူလာလို့ သူ့ကိုပြောလိုက်မိပါတယ်။ "

" ဘာကိစ္စသူ့ကို ပြောလိုက်ရတာလဲ၊ ရုံးကိုကော သူကဘာကိစ္စလာ ရသလဲ "

အဖြူသည် မိမိမျက်လုံးကို အစွမ်းကုန်ဖွင့်၍ အဘယ်ပုံဖြေလေမည်လဲဟု အုပ်ချုပ်ရေးမှူးအား စိုက်၍ ကြည့်လေ၏။ မိမိအသက်သည် သူ၏နှုတ်ဖျားတွင် ရှိလိမ့်မည်ဟု အထက်က တစ်စုံတစ်ယောက်က ပြောခဲ့လျှင် မိမိမှာ များစွာရယ်မိမည် ဖြစ်သော်လည်း ယခုသော် ရယ်ရမယ့်ကိစ္စမဟုတ်၊ မိမိ၏ ဆန်းကြယ်သော ကံကြမ္မာကိုသာ အံ့သြဖို့ရာ ဖြစ်နေလေ၏။

အုပ်ချုပ်ရေးမှူးလည်း လက်နှစ်ဖက်ကို ချ၍ လက်ဝါးချင်း ရှိရှိသေသေ အမူအရာနှင့် ကိုယ်ကို အနည်းငယ်မျှကိုင်းကာ–

" ပြောလိုက်ရတာက ဒီလိုပါ ဗိုလ်ကြီး၊ သူဒီမြို့မှာ နေရာတကာ ဝင်စွက်နေပါတယ်၊ ကျွန်တော့်ကိုလဲ မထီမဲ့မြင် ပြုတဲ့အပြင် ကျွန်တော်တို့ဖွဲ့ထားတဲ့ အစိုးရကိုလဲ တတ်နိုင်သမျှ လိုက်အနှောင့်အယှက် ပေးနေပါတယ်။ လူတွေကို ငွေစက္ကူတွေယူခဲ့၊ မြန်မာအစိုးရတံဆိပ် ရိုက်ပေးမယ်လို့ အမိန့်ထုတ်တာကိုလဲ သူကသွားမပို့နဲ့လို့ လိုက်ပြောပြီး ကျွန်တော်ရှိရာ ရုံးကိုလာပြီး ကျွန်တော့်ကို ရန်လာတွေ့ပါတယ် "

" ဒီတုန်းက ဘာဖြစ်လို့ ဖမ်းမချုပ်သလဲ "

ဟု စစ်ဗိုလ်က မြေကြီးကို ဖိနပ်ကြီးနှင့် ဆောင့်နင်းပြီးတစ်လုံးချင်းမာမာ ပြောလေ၏။

အဖြူသည် မိမိမျက်နှာကို ခပ်မဲ့မဲ့ ပြုံး၍ထားလေ၏။

ပြင်သစ်ပြည်ကြီး သူပုန်ထစဉ်က လွတ်လပ်ရေးရချင်တဲ့ စေတနာတွေက လွန်ပြီး ချက်ချင်း လက်လွတ်ခြေလွန် ဖြစ်ကုန်ကြတယ်ဆိုတာ ဒီလို နေမှာပဲဟု အောက်မေ့နေလေ၏။

" ဒီတုန်းက လူတွေ အကျိုးကို သူကဆောင်ရွက်သလိုလို လူတွေကို သူက အယုံသွင်းထားတော့ ဖမ်းလိုက်ရင် မငြိမ်မသက်နဲ့ အုပ်ချုပ်ရခက်မှာမို့ စစ်တပ်ဒီနေ့လာမယ် သတိထားလို့ ရှုတ်တရက်ခြိမ်းခြောက်မိလိုက်ပါတယ်။

" သူက ဒီမြို့ကပဲလား "

" ဒီမြို့က မဟုတ်ပါဘူး၊ ဒါပေမယ့် ဘယ်မြို့က ဘာလာလုပ်သလဲ သူ့ကိုမေးတော့ မေးတဲ့လူကိုပဲ သူကအရှုံးလုပ်ပါသေးတယ် "

" တယ်လာတဲ့ မအဂ္ဂပဲ၊ ခင်ဗျားလဲ တယ်ညံ့တဲ့ လူပဲ၊ သူခိုးမှဓားရိုး ကမ်းလေတယ် "

" ကျွန်တော် သူ ဒီအထိ ရှုပ်နိုင်မယ်လို့ မထင်လိုက်မိပါဘူး၊ ဩော် ကျွန်တော် သတိရပါပြီ။ စစ်တပ်လာမယ်ပြောတုန်းက သူတွေတွေကြီးလုပ်ပြီး ခဏစိုက်ကြည့်ပြီးတောင် နေပါသေးတယ်၊ ခုပုံဖြင့် ရန်သူကို သူကသတင်းပေးတာ ဖြစ်မှာပဲ ထင်ပါတယ် "

ဟု ပြောကာ အောင်သေအောင်သားစားရသော အမူအရာမျိုးနှင့် အဖြူအား လှမ်းကြည့်လေ၏။

စစ်ဗိုလ်ကို စွဲချက်တင်ရလောက်အောင် အုပ်ချုပ်ရေးမှူးက ဆွဲချလုပ်၍ နေပုံကို မိမိ၏ အသက်ဘေးနှင့် နီးကပ်နေသော်လည်း အဖြူမှာ လှောင်ပြောင်ရယ်မောလိုက်ချင်သလို ဖြစ်မိလေ၏။

" ဟေ့ မင်း ဘာပြောချင် သေးသလဲ "

ဟု အဖြူကို လှမ်း၍ စစ်ဗိုလ်က မေးမြန်းလေ၏။

" ကျွန်မ သူလျှိုမဟုတ်ဘူးဆိုတာကလွဲပြီး ဘာမှမပြောချင်ပါဘူး "

" သူလျှိုမဟုတ်ရင် သေနတ်ကို ဘာဖြစ်လို့ မအပ်ဘဲ လျှို့ဝှက်ထားသလဲ၊ အပ်ရမယ်ဆိုတာ မသိဘူးလား၊ ဒီအပြစ်ဟာ ဘယ်လောက်ကြီးနေပြီလဲ ဒါကပဲ ဘယ်လောက် ထင်ရှားနေပြီလဲ "

" သေနတ်တွေ သိမ်းတယ်ဆိုတာ ကျွန်မ စောစောက မသိပါဘူး နောက်မှ သိပါတယ် "

" သိတော့ ဘာဖြစ်လို့ မအပ်သလဲ "

" မအပ်ချင်လို့ပါ "

" ဘာဖြစ်လို့ မအပ်ချင်သလဲ မှန်မှန်ပြော "

တော်လှန်၍ မိမိတို့ တိုက်လာသော တိုက်ပွဲတွင် မိမိတို့အားအခြားသူတို့က တော်လှန်ခြင်းသည် အကြီးဆုံးသော ပြစ်မှုဖြစ်သည်ဟု ယူဆလာသော အခြေမျိုးတွင် ဆိုက်ရောက်နေပြီးဖြစ်သောကြောင့် စစ်ဗိုလ်မှာ ထိုအချိန်တွင် အလွန်စိတ်ဆိုးနေလေပြီ။

" သေနတ်တွေအားကိုးနဲ့ နိုင်ထက်စီးနင်း လုပ်ချင်လွန်းလို့သွားအပ်ရင် ထပ်အားပေးသလို ဖြစ်နေတာနဲ့ အားမပေးချင်လို့ မအပ်တာပါပဲ "

ဟု အကြောက်ဟူ၍ အနည်းငယ်မျှ မရှိသော မျက်နှာထားနှင့် အဖြူသည် တည်တည်ကြည်ကြည်ကြီးပြန်၍ ပြောလေ၏။ အဖြူ့ကိုကြည့်၍နားထောင်နေသော စစ်ဗိုလ်ပင်လျှင် အဖြူ၏တည်ကြည်လေးနက်သော အသံနေ အသံထားကြောင့် တစ်ခဏမျှ တွေ၍သွားသလို ရှိလေ၏။ ထိုအခါ အုပ်ချုပ်ရေးမှူးက–

" အဲဒါသာ ကြည့်ပါဗိုလ်ကြီး၊ မြို့ကရွာက နဂိုကမှ ကိုယ့်မြို့က လူက အုပ်ချုပ်တယ် ဆိုတာကို မခံနိုင်သလိုလို ဘာလိုလို ကောင်းတယ်မထင်ဘဲ၊ မရှိမသေ ဖြစ်နေလို့ အမုန်းခံပြီး ကျွန်တော်လုပ်နေရတာပါ။ သေနတ်တွေလဲ ဗိုလ်ကြီးအမိန့်ရောက်တာနဲ့ တစ်ခါတည်း သိမ်းရတာပါပဲ။ ဒါကို သူ့အကြံနဲ့လာမပေးဘဲ နေပြီး ခုမှ သူလျှိုညဏ်နဲ့လှည့်တဲ့ စကားပါ။ သေနတ်က အထင်အရှားမို့ အပြစ်လွတ်လိုလွတ်ငြား ရမ်းတာပါ ဗိုလ်ကြီး "

အဖြူသည် အုပ်ချုပ်ရေးမှူး၏ ယုတ်မာပုံ ဤအခြေအနေဝင်ရောက်လိမ့်မည်ဟု မတွေးမိဘူးရကား အုပ်ချုပ်ရေးမှူးအား စက်ဆုပ်သော အမူအရာဖြင့် စိန်းစိန်းဝါးဝါးကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

စစ်ဗိုလ်လည်း လက်ပိုက်၍ တစ်အောင့်မျှ စဉ်းစားနေလေ၏။ သို့စဉ်းစားပြီးမှ
“ မင်း ကျုပ်တို့ လာတာကို ဘယ်သူ့ကို သတင်းပေးလိုက်သလဲ၊ ကျုပ်တို့ဆီကို ဘာဖြစ်လို့ ဒီလိုလာရသလဲ ”
“ ဘယ်သူ့ကိုမှ မပေးပါဘူး၊ ပေးစရာ အဆက်အသွယ်လဲ လုံးဝ မရပါဘူး၊ လာတောတော့ ကျွန်မပြောပြီးသားပါ ”
“ မင်း ဘယ်မြို့က ဒီမြို့ကို လာတာလဲ ”
“ ကျွန်မ ရန်ကုန်ကပါ ”
“ သြော်... ရန်ကုန်ကလား၊ မင်းမှာ အိမ်ထောင်ရှိလား ”
“ မရှိပါဘူး ”
“ မိဘရောရှိသလား၊ မိဘက ဘာလုပ်သလဲ ”
အဖြူသည် တွေဝေ၍ နေလေ၏။
“ ပြောလေ၊ မင်းမိဘ ဘယ်သူလဲ၊ မင်းဒီမှာ ဘာလာလုပ်နေတာလဲ၊ သေနတ်ကို ဘယ်သဘောနဲ့ ကိုင်တာလဲ၊ ရန်ကုန်မှာ မင်းမိဘ ဘာလုပ်သလဲ ”
“ ကျွန်မကို သူလျှို ရာဇဝတ်ကောင်အဖြစ်နဲ့ ဒီမေးခွန်းတွေကို မေးနေတာပါလား ”
“ သူလျှိုအဖြစ်ကလွဲလို့ ကျုပ်က မင်းမိဘကို ဘယ်အဖြစ်နဲ့ကများ မေးရဦးမှာလဲ ”
တစ်ခန်းလုံးရှိ စစ်သားများနှင့် စစ်အုပ်ချုပ်ရေးမှူးပါ ပြုံးကြလေ၏။
“ အို ဒီလို သူလျှိုအဖြစ်နဲ့ ကျွန်မပေါ် ဆုံးဖြတ်ချက်ချထားပြီး မေးရင်တော့ ကျွန်မမိဘ ဘယ်သူဘယ်ဝါဆိုတာ မပြောနိုင်ဘူး ”
“ ခေါင်းမာလိုက်တာ ဗိုလ်ကြီး ”
ဟု အုပ်ချုပ်ရေးမှူးသည် တစ်ချက်ဝင်ထောက်လိုက်လေ၏။
“ သူလျှိုဆိုတာ အမှန်မပြောနိုင်ဘူး၊ ဒီလိုပဲဗျ ”
ဟု စစ်ဗိုလ်က ပြန်၍ ပြောလိုက်လေ၏။
“ ကျွန်မ သူလျှိုမဟုတ်ဘူး ”
ဟု အဖြူလည်း အလွန်စိတ်ဆိုးသလို အော်၍ပြောလိုက်လေ၏။
“ သူလျှိုမဟုတ်လို့ သူယောင်လား ”
အုပ်ချုပ်ရေးမှူးက အားရပါးရကြီး ရယ်မောလိုက်လေ၏။
အဖြူကား သေနတ်သာ မိမိလက်ထဲတွင်ရှိလျှင် အုပ်ချုပ်ရေးမှူးနှင့် သူသေသေ ကိုယ်သေသေ ယှဉ်ပစ်လိုက်ချင်ရဲ့ဟု အောက်မေ့မိလေ၏။
“ မှန်မှန်ပြောနော်၊ ကွယ်မယ်မကြံနဲ့၊ သတ်ပစ်နိုင်တယ်၊ ဒါစစ်တပ်၊ အယူခံမရှိဘူး၊ မင်းကို ဒီမြို့ကို ဘယ်သူက လွှတ်ထားသလဲ ”
“ ကျွန်မခုပြောသမျှ စကားတွေဟာ မမှန်တာဆိုလို့ တစ်ခွန်းမျှ မပါပါဘူး၊ ကျွန်မ သူလျှိုမဟုတ်ရပါဘူးလို့ အစစ်ခံပြီးပါပြီ။ သူလျှိုနဲ့ စပ်ဆိုင်တဲ့ သတင်းအစအနကို ကျွန်မဆီကမျှော်လင့်တာ ကျွန်မ ဘယ့်နှယ့်လုပ် ပြောရပါ့မလဲ၊ ကျွန်မသူလျှိုမှ မဟုတ်ဘဲ ယုံကြည်ရင် လွှတ်ပါ၊ မယုံရင်လဲ သတ်ပါ၊ ကျွန်မတော့ ဒါပဲပြောတတ်ပါတော့တယ်၊ ကျွန်မလာမိတာ မှားပါပြီ ”
စစ်ဗိုလ်လည်း တစ်စုံတစ်ခုကိုပြောမည် ဟန်ပြင်ပြီးမှ ရုတ်တရက် ချုပ်တည်းလိုက်ကာ
“ တယ်လဲခေါင်းမာလိုက်ပါလား၊ စဉ်းစားဦး၊ စဉ်းစားပြီး မွန်းမလွဲခင် မင်းအမှန်ကို ဖွင့်ပြောရင်ပြော၊ မပြောရင် သူလျှိုတွေသေတဲ့နည်းအတိုင်း မင်းသေရမယ်၊ မင်းအမှုပုံကို မင်းပြန်စဉ်းစား၊ မင်းသူလျှိုဆိုတာ ထင်ရှားနေပြီ ဖွင့်ပြောရင် အမှန်ကို ပြောရင် သတ်ဖို့ရာ ထုံးစံ မရှိဘူး၊ မင်းကို ငါဒီလောက် မရက်စက်ချင်ပါဘူး၊ အမိန့်ပေးမယ်၊ မင်းစဉ်းစားပြီး အမှန်ကို ပြောပါ၊ ဟေ့ ဟေ့ ဒီမိန်းမကို ချုပ်ထားလိုက်ကြ ”
ဟု စစ်ဗိုလ်က အမိန့်ပေးလိုက်ကာ အုပ်ချုပ်ရေးမှူးအား
“ နောက်ကို စစ်တပ်အသွားအလာနဲ့ ပတ်သတ်ပြီး မဆိုင်တဲ့လူကိုမပြောပါနဲ့ မျက်နှာလိုက်နိုင်မယ် မဟုတ်ဘူး၊ အဲဒါ ကျုပ်ကျုပ် သတိထားပါ။ စစ်တပ်နဲ့ ပတ်သတ်လို့ ဘာလုပ်တယ်၊ ဘာကိုင်တယ်ဆိုတာ ဘယ်သူမှ မသိစေရဘူး၊ စစ်တပ်ဥပဒေကို ကလေးကစားသလို မမှတ်ပါနဲ့၊ ကြားလား ကောင်းပြီ သွားနိုင်ပြီ ”
ဟု ပြောလေရာ အုပ်ချုပ်ရေးမှူးမှာ မိမိ၏ သတိလစ်ဟင်း ချွတ်ယွင်းပေါ့ဆစွာ ပြုမိခြင်းကို ယခုမျှလောက်ဖြင့် လွတ်မြောက်လာခြင်းအတွက်ပင် ဝမ်းသာရလျက် သွက်သွက်ကြီး သုတ်ခြေတင်ထွက်ခွာလာခဲ့လေ၏။
ဒေါ်လေးတော့ စိတ်ပူတော့မှာပဲ ငါ့အကြောင်းများကြားရင် ဘယ်လောက်ပူဆွေးလိုက်မလဲ၊ မကြားလဲ ပူမှာပဲ၊ ကြားလဲ ပူမှာပဲ၊ ကြားမကြားပါ့မလား၊ ကြားပဲကြားပြီးပြီလား၊ မကြားပါစေနဲ့၊ ပျောက်သွားသလိုပဲ ရှိပါစေတော့။
“ သြော်... ကိုမြတ်စိုး ကိုမြတ်စိုး၊ ကိုမြတ်စိုးကိုတော့ အဖြူအချစ်အပ်နှင်းနိုင်ခွင့် မရှိတော့ဘူး ထင်တယ်၊ ကိုမြတ်စိုးကိုတွေ့ချင်လွန်းလို့ အဖြူဒီလို ဒုက္ခဖြစ်ရတော့တာပါပဲ။ အဖြူတော့ သေရတော့မယ် ထင်ပါရဲ့ ကိုမြတ်စိုးကို ချစ်ပါတယ်လို့များ ပြောခွင့်ရရင် အဖြူ့အသက်တစ်သက် မဟုတ်ပါဘူး၊ ဆယ်သက်ပေးဝံ့ပါတယ်။
“ အဖြူရဲ့ အချစ်ရတနာကို ဘယ်လိုရန်သူမျိုးမှ မတိုက်နိုင်အောင် ဝသုန္ဓေ ဤမြေကြီးမှာ မြှုပ်နှံထားပါလို့ ကိုမြတ်စိုးရေးလိုက်တာ၊ ခုဖြင့် အဖြူ့အချစ်ကိုသာ မဟုတ်ဘူး၊ အဖြူ့ကိုယ်ပါ ဒီမြေကြီးမှာ မြှုပ်ကြတော့မယ်နဲ့ တူတယ်။
ကိုမြတ်စိုး၊ အဖြူ့အချစ်ကို အစောင့်အပ်ခဲ့တဲ့ အရှင်မြေစောင့်နတ် အဖြူ၏ ချစ်ခြင်းမေတ္တာကို အဖြူကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

မပြနိုင်တော့လို့ အရှင်သာလျှင် ကိုမြတ်စိုးအား အဖြူမေတ္တာရောင်ခြည်ကို တန်ခိုးဖြင့် လွှတ်၍ ပြလိုက်ပါတော့
အဖြူတော့ သေရတော့မယ် ထင်ပါရဲ့၊ လွတ်မှ လွတ်ပါ့တော့မလား "
ဟု အဖြူသည် မျှော်မှန်း တမ်းတတိုင်တည် တွေးတော၍သာ နေရတော့လေ၏။
မိမိမှာ သူလျှိုမဟုတ်၊ ပြည်ထဲရေး ဝန်ကြီးသမီးပါဟု အမှန်ကိုပြောရလျှင်လည်း ရှေးခတ်ကဆိုက
သြဇာတန်ခိုးရှိမည်မှန်သောလည်း ယခုကဲ့သို့ ခေတ်ပြောင်းတွင် မိမိကိုယ်ပင် မယုံသင်္ကာရှိနေရာမှ မိမိဖခင်မှာ
ပြည်ထဲရေးဝန်ကြီးဆိုလျှင် မိမိ၌မရှိသောအပြစ်ကို ကြိုးမိန့်ပေးစေရန် ကိုယ့်လည်ပင်းကို
ကိုယ်ကြိုးကွင်းတပ်စွပ်သည်နှင့်တူနေသည်ကို သတိပြုမိသဖြင့် အမှန်ကို ထုတ်ထော်ပြောဆိုဖို့ရန်
များစွာခဲယဉ်းနေသည်ကို တွေ့ရလေ၏။
တစ်ဖန် ကိုမြတ်စိုးတို့များလားဟု သိလိုသိငြား လာရောက် အကဲခတ်ခြင်းဖြစ်ပါသည်ဟု
ဟုတ်မှန်သည့်အတိုင်းထုတ်ဖော်ဝန်ခံရမည်ကလည်း ကိုမြတ်စိုးနှင့် မိမိသာလျှင် ပြောအပ်သိအပ်သော အချစ်ဇာတ်ကို
မဆိုင်သူ တစ်ဦးအား ထုတ်ဖော်ပြောကြားနေရမည်ကဲ့သို့ ဖြစ်ခြင်းကြောင့် မပြောလိုပဲ ရှိနေလေ၏။
တစ်ဖန်ပြောသဖြင့် ယုံပါက တော်သေး၏။ မယုံက မိမိအား ပလီစိချောက်ချက်နိုင်လှသည်ဟု
ထပ်လောင်းရှုတ်ချတွေးဆမှတ်ယူကာ စကားဖြင့် လှောင်ပြောင်နှိပ်စက်ဦးမည်ကိုလည်း မသင်္ကာခြင်းဖြင့် ကျပ်တည်းစွာ
စစ်ဆေးမေးမြန်းကာ သူလျှိုဟု စွဲချက်တင်ထားပြီး ဖြစ်နေလေပြီကို စဉ်းစားမိသဖြင့် ထပ်မံပြောရမည်မှာ များစွာ
အခက်ကြုံတွေ့လျက် ရှိနေလေ၏။
အဖြူကား မိမိ၏အသက်ကို လုံးဝမဆုံးရှုံးစေလို၊ ဆုံးရှုံးရမည်ဖြစ်ကလည်း ရန်သူသူလျှိုအဖြစ်နှင့် အသက်ကိုစွန့်၍
မသွားချင် အမှန်နှစ်ခုရှိရာတွင်လည်း တစ်ခုပြောတာ ပို၍သာ အမှုပိုကြီးဖို့ရှိလျက်အခြား တစ်ခုကိုလည်း
သာ၍ပင်မယုံနိုင်ဖြစ်မည့် အရေးကို တွေးမြင်ကာ ဘေးကျပ်နံကျပ် ဖြစ်နေသောကြောင့် အဖြူမှာ ဘာမျှ မတတ်နိုင်။
ကိုမြတ်စိုးကို တွေ့ချင်လှခြင်းကြောင့် လာမိရာမှ ယခုကဲ့သို့ စစ်တပ်က အထင်လွဲရခြင်းဖြစ်ရာ မိမိ၏အမှားမှာ
မပြင်နိုင်သောအမှား၊ ဖွင့်၍ မပြောနိုင်သော အမှားဖြစ်၍နေခြင်းကြောင့် မိမိမှာ သူလျှိုမဟုတ်ကြောင်း
ဖြောင်ဖြောင်ကြီးပြောဖို့ပင် ရှိလျက် လွတ်မည် မလွတ်ကိုကား မိမိ၏ကံပင်ဟူ၍ ကံကိုသာ အားပြုဖို့ရှိနေတော့လေ၏။
မြို့ထိပ်ကျောင်းမှ ခေါက်လိုက်သော ဆွမ်းစားကုလားတတ်ခေါက်သံကို သဲ့သဲ့ကြားရလေ၏။
ထိုးပြီး ဆယ်နာရီ မွန်းလွဲတော့မယ်၊ မွန်းလွဲဖို့ နှစ်နာရီလောက်သာလိုတော့ပါလား၊ ငါချစ်တဲ့ လူတွေကို သတိရနိုင်ဖို့
နှစ်နာရီပဲ ရှိပါတော့လားဟု သေရမည့်ဘေး နီးလေလေ အဖြူ့မှာ မချိတရိ ဖြစ်လေလေ။
ငါးရာ နှစ်ဆယ့်ရှစ်သွယ်သော မေတ္တာထက်တစ်ထောင့်ငါးရာမေတ္တာက ပိုသည်ဟု ဆိုရိုးရှိသော်လည်း
သေရအံ့ဆဲဆဲကဲ့သို့ ရှိနေသော အဖြူ၏ဖခင်နှင့် ကိုမြတ်စိုးတို့ အပေါ်တွင်ထားရှိဖြစ်ပေါ်နေသော မေတ္တာမှာ
မည်သူမည်သူ့မျှ ပိုမိုခြင်း မရှိ၊ တမ်းတခြင်း၊ သတိရခြင်း၊ ချစ်ခြင်းတို့သည် အလားတူဖြစ်ကာ
အဖြူ၏ရင်တစ်ခုလုံးတွင် ပြည့်လျှံ၍ နေလေတော့၏။
ပြင်းစွာသော ခြေနင်းသံသည် အဖြူ၏နားတွင်ညံ၍လာလေပြီ။ နီမြန်းသော နှလုံးသွေးသည် အရှိန်ပြင်းစွာ အဖြူ့ရင်တွင်
တိုးဝှေ့နေကြသဖြင့် ရင်မှာ စောစောကထက် ပို၍ ခုန်လာလေပြီ။ နဖူးဆံစမှ ချွေးစေးတို့ကလည်း
မျက်နှာပေါ်သို့ ယိုစီးလျက် နေလေ၏။
အဖြူသည် ဝတ်ထားသော ထဘီကို တင်းတင်းကျပ်ကျပ်ကြီးဖြင့် အံ့ကြိတ်ကာပြင်၍ ဝတ်လေ၏။
" ဟေ့... ဘယ့်နှယ့်လဲ၊ ဒီမှာပြောမလား၊ သုသာန်မှာမှ ပြောမလား "
ထိုအသံသည် အဖြူ၏နားအား တစ်ခဲနက် သံမှိုနက်သကဲ့သို့ရှိတော့၏။
" ကျွန်မသူလျှိုမဟုတ်ရပါဘူး၊ ဆိုတာကလွဲလို့ ပြောစရာဘာအကြောင်းမှ မရှိပါဘူး ဗိုလ်ကြီးရယ်၊ ဗိုလ်ကြီးမယုံရင်
ကျွန်မ သေရဖို့ပဲ ရှိပါတော့တယ် "
ထိုအခါ စစ်ဗိုလ်လည်း အဖြူ့ကို တစ်ချက်မျှ စိုက်ကြည့်လိုက်တာ–
" မင်း ခုထက်ထိ ခေါင်းမာတုန်းပါလား၊ ဒါ စစ်တပ်၊ စစ်တပ်ထုံးစံဟာ သူလျှိုကို ဘယ်တော့မှ ချမ်းသာခွင့်မပေးဘူး၊
မင်းကိုယ်မင်း စီရင်တာပဲ၊ မင်းသဘောပဲ "
ဟု တစ်လုံးချင်း ပြောပြီးနောက်
" ဟေ့ လက်ပြန်ကြိုးတုတ်ပြီး သုသာန်ခေါ်ထုတ်ကြ၊ ဗိုလ်လင်း၊ ဗိုလ်အောင်ကို ခေါ်သွား။
သူလက်ယားနေတယ်ပြောတယ်၊ ဟိုရောက်ရင် ကားစင်တင်သလို ချည်ထား ငါလာပြီး အမိန့် ပေးမယ် "
စစ်သားနှစ်ယောက်သည် အဖြူ့အား တင်းကျပ်စွာ လက်ပြန်ကြိုးချည်ကြလေ၏။
သေရတော့အံ့ဟု စိတ်ဆုတ်နစ်သွားသဖြင့် အဖြူ၏မျက်နှာမှာ ဖြူရော်ရော်ကြီး ဖြစ်နေလေ၏။
မျက်ခုံးနှစ်ဖက်များမှာ လေးလံ၍လာလျက် မျက်လုံးများပေါ်သို့တွဲ၍ ကျလာပြီးနောက် ပြင်းပြစွာ
သက်ပြင်းချလိုက်လေသည်။
ထိုသို့မျှော်လင့်ချက် ကင်း၍ ပြင်းပြစွာ ချလိုက်သော သက်ပြင်းသံသည် ကြိုးချည်နေသော စစ်သားကိုပင် ခေတ္တရပ်တန့်
သွားစေလေ၏။
မကြာမီ အဖြူ့ကိုရှေ့ကထား၍ စစ်သားနှစ်ယောက်က နောက်မှ လိုက်ကာ စစ်တဲကလေးမှ ထွက်လာကြလေသည်။
မိမိလာခဲ့သော လာလမ်းကို မြင်ရလေပြီ။ အဖြူသည် ထိုလာခဲ့သော လမ်းကို မျှော်မှန်း၍ အဒေါ်အား စိတ်ဖြင့်
ဦးတင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

မိမိနောက်မှ လိုက်၍လာသော စစ်သားများ၏ ဖိနပ်သံမှ တစ်ပါးမည်သည့်အသံကိုမျှ မကြားရ။
မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း မမြင်ရ။
နေကား လွန်စွာပူပြင်းလှလေ၏။ အဖြူသည် သူ့နောက်တွင် ချည်နှောင်၍ထားသော လက်များကို
တွန့်လိမ်ရုန်းဖယ်ကြည့်လေ၏။
ကြိုးထုံးများမှာ ခိုင်မာတင်းကျပ်သဖြင့် တွန်းရင်းလွန့်ရင်းလက်များမှာ စိုရွှဲလာလေ၏။
ထိုသို့ စိုရွှဲလာခြင်းမှ မြင်ကား မမြင်ရ။ သို့သော် ချွေးမဟုတ်လျှင် သွေးပင်ဖြစ်လိမ့်မည်ဟု
အဖြူအောက်မေ့မိလေသည်။
သုသာန်မှာ အဖြူတို့မြို့စွန်၌ရှိ၍ စစ်တပ်ချထားသည့် နေရာနှင့် အလွန်နီးလေ၏။
" ရပ်လိုက် "
ဟု အော်လိုက်သည့်အသံကိုကြားရ၍အဖြူသည်ရပ်လိုက်လေ၏။
သေနတ်လုံစွပ်အဖျားသည် အဖြူ့ကျောကို ထိနေလေသည်။
သုသာန်သည်ကား နေရောင်အောက်တွင်ဟာလာဟင်းလင်းဖြစ်နေလေ၏။
နေရောင်သည် အပူဓါတ်ကို တစ်ဟုန်တည်း ပေးနေသော်လည်း သူ့ရင်တွင်းမှ ပူပြင်းခြင်းကို အညီလိုက်၍
ပူနိုင်မည်မဟုတ်ဟုတွေးထင်မလေ၏။
စစ်သားတစ်ယောက်သည် ထမ်းလာသောဝါးလုံးကို ထိုသုသာန်တွင် ရှိသော ထန်းပင်တွင် ကန့်လန့်ဖြတ်တန်း၍
အခိုင်အခံ့ ချည်လေ၏။
ထို့နောက် ကားစင်တင်သလို အဖြူ့လက်နှစ်ဖက်ကို ဆန့်ကား၍ အစွန်းထက်လျက်ရှိနေသော ထိုဝါးတွင် ချည်လေ၏။
ထိုသို့ ချည်ပြီးမှ အဖြူ့ကိုယ်ကို တောင့်တောင့်ကြီးရပ်နေနိုင်အောင် ကိုယ်လုံးနှင့်သစ်ပင်ကို ကပ်၍ ကြိုးများဖြင့်ပတ်ပြီး
ချည်နှောင်ထားကြလေ၏။
သူတို့ ထိုသို့လုပ်နေကြစဉ် အဖြူကား ဖခင်ပြောခဲ့သည့်စကားများကို ကြားနေရ၏။ ရာဇဝတ်ကောင်ဟာ ငါ့သမီး၊
ငါရှက်ပါရဲ့၊ ငါဘယ်လို စီရင် ချက်ချရမလဲ "
အဖြူပြည်ထဲရေးဝန်ကြီးအဖြစ်နဲ့ပြောရရင် ရာဇဝတ်ကောင်ဟု မိမိဖခင်ကြီးက မိမိအား ပြောကြားခဲ့ဖူးစဉ်က ယခုလို
ရာဇဝတ်ကောင်မျိုးဖြစ်မည်ကို မိမိလည်း မသိ။ ဖခင်ကြီးလည်း သိရှာမည်မဟုတ်။
အဖြူမှာ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် ကျဆင်းလာလေ၏။
အလွန်တရာ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားကြီးတစ်စီးသည် စစ်တပ်ရှေ့တွင် ထိုး၍ ရပ်လိုက်လေ၏။
ကားတံခါးဖွင့်၍လာပြီး စစ်ဝတ်စစ်စားကို အလွန်တရာ ခံ့ညားစွာ ဆင်ယင် ဝတ်စားထားသော လူတစ်ယောက်သည်
ကားပေါ်မှ ဆင်းလာလေ၏။
ဘေးမှ လိုက်ပါလာသော ကိုယ်ရံတပ်သားနှစ်ဦးလည်း ထိုသူနှင့် ရှေ့ဆင့်နောက်ဆင့် ဆင်းလာကြ၍ တစ်ယောက်က "
အလေးပြု " ဟုအော်လေ၏။ စစ်တပ်ဝတွင် စောင့်သောအစောင့်တပ်သားများသည် ထိုသူအား ရိုသေစွာ
ဦးညွှတ်ကြလေသည်။
" ဗိုလ်မှူးလာတယ်၊ ဗိုလ်ရဲလှကို ပြောလိုက် "
ဟု ကိုယ်ရံတော်တပ်သားက အစောင့်စစ်သား တစ်ဦးအား အမိန့်ပေးလေ၏။
" ဗိုလ်ကြီး မရှိဘူး၊ သူလျှိုကိုသတ်ဖို့ သုသာန်မှာ အမိန့်သွားပေးနေတယ်။
ထိုအခါ ဗိုလ်မှူးဆိုသူက စစ်ဘက်ဆိုင်ရာ ဟန်ပါပါနှင့် ဓားလွယ်ကို လက်နှင့်အုပ်၍ ဆုပ်ကိုင်ရင်း
" ဘယ်ကသူလျှိုလဲ၊ ဘယ်လိုမိသလဲ၊ ပြောစမ်း "
ဟု အမိန့်ပေးလေသည်။
" မြို့က သူလျှိုပါ။ မိန်းမပါ၊ သေနတ်ခါးထိုးပြီး ဒီစစ်တပ်နားကို မနက်စောစောစီးစီး လာချောင်းတာ၊
ကျွန်တော်တို့တွေ့လို့ ဖမ်းခဲ့ပါတယ် "
" ဒီစစ်တပ်နားကို ဘာအကြောင်းနဲ့လာတယ်လို့ ပြောသလဲ၊ စစ်တပ်နားလာရုံနဲ့ သူလျှိုလို့ခေါ်နိုင်မလား၊ သေနတ်ကို
ဘယ်လိုရသလဲ "
" ဘာကြောင့်လာတယ်ဆိုတာ ဗိုလ်ကြီးကို ဘယ်လိုအစစ်ခံသလဲဆိုတာတော့ ကျွန်တော်မသိပါဘူး၊
ဖမ်းတုန်းကကျွန်တော့်ကင်းလှည့်လို့ ကျွန်တော်လဲပါပါတယ်။
ဒီနားကို လှည်းလာရာတာလို့လဲ ပြောပါတယ်၊ ဗိုလ်ရဲလှဆိုတာ သူ့နာမည်ရင်း ဘယ်လိုခေါ်သလဲလို့ပေးပါတယ်။
ကျွန်တော်တို့က မသင်္ကာလို့ ဘာပြုလို့ သိချင်သလဲပေးလိုက်တော့ "
" မေးတော့ ဘယ်လိုပြောသလဲ "
" သူ့အစ်ကိုတစ်ယောက်ဆိုလား၊ စစ်တိုက်ဖို့ ထွက်သွားတာ ပြန်မလာလို့ ဆိုလား "
" တိတိကျကျမြင်တဲ့အတိုင်း ကြားတဲ့အတိုင်း ပြောပါ။ စစ်သားက စစ်ဗိုလ်မေးတာကို ဆိုလားကွ၊ ထင်တယ်တွေ
မပြောရဘူး၊ တိတိကျကျပြောနိုင်ရတယ်၊ သေနတ်ကကော ဘယ်လိုရသလဲ "
" သူ့ကို ကျွန်တော်တို့က ဒီအနားမလာနဲ့ နှင်တော့ သူထွက်သွားပါတယ်။ ထွက်သွားတော့ ခြေချော်ပြီး လဲပါတယ်။
လဲတော့ သေနတ်ထွက်ကျပါတယ်။ ဒါနဲ့ ကျွန်တော်တို့လဲ မသင်္ကာလို့ သေနတ်နဲ့ သူ့ကို ဖမ်းပြီး ဗိုလ်ကြီးဆီ
ပို့လိုက်ပါတယ်။ ညက ဖုံးကြိတာ သူသတင်းပေးတယ်ဆိုလား "
" လာပြန်ပြီလား၊ ဒီဆိုလားက၊ ကြားသိတဲ့အတိုင်းပြော စစ်တပ်ထဲမှာ ဒီလိုစကားကို အတိအကျ မပြောတတ်ရင်

www.burmeseclassic.com

www.burmeseclassic.com

အကျိုးနည်းစရာရှိရင် များများနည်းတယ်။ မှောက်စရာရှိရင် အကုန်မှောက်တယ် ကြားတဲ့အတိုင်း ပြောပါ ”
“ ဟုတ်ကဲ့ ဒီလို ကြားပါတယ် ”
“ သူလျှိုက ဒီအတိုင်းပဲ အစစ်ခံသလား ”
“ ကျွန်တော်သိသလောက်တော့ အစစ်မခံပါဘူး၊ အစစ်မခံလို့ သူ့သင်္ချိုင်းထုတ်စစ်နေကြပါပြီ ”
“ သူ့သင်္ချိုင်းက ဘယ်မှာလဲ ”
“ ဒီနားက ထန်းပင်စုဟာ သူ့သင်္ချိုင်းပါပဲ၊ နီးနီးကလေးပါ ”
ဟု စစ်သားက လက်ညှိုးထိုးပြလေ၏။
“ သူ့သင်္ချိုင်းကို ကားဝင်လို့ ရသလား ”
“ သူ့သင်္ချိုင်းက လမ်းရဲ့ဘေးမှာမို့ ကားဝင်လို့ မရဘူး၊ ကားကို လမ်းမှာ ရပ်ထားခဲ့ပြီး လျှောက်သွားရပါလိမ့်မယ် ”
ဗိုလ်မှူးသည် သူ့ကိုယ်ရံတော်တပ်သားများနှင့် ကားကိုထားခဲ့၍ သူ့သင်္ချိုင်းဆီသို့ ရှေ့ရှုပြီး ထွက်ခဲ့လေ၏။
ခဏမျှ လှမ်းမိလျှင် ထိုထန်းပင်စုဆီမှ သေနတ်သံတစ်ချက်ကိုကြားလိုက်ရလေ၏။
ထိုအခါ ဗိုလ်မှူးသည် မိမိခြေလှမ်းကို ပို၍သွက်အောင် တွင်တွင်ကြီး လှမ်းနေလေသည်။
“ ပြောနော် ပြော တစ်ချက်ပစ်ပြီးပြီ၊ ခေါင်းမှာမနေနဲ့ဦး၊ မပြောရင် ဟိုဘက်လက်ကို တစ်ချက်ထပ်ပစ်ဦးမယ်၊ ဒါနဲ့မှ မပြောရင် ရင်အုံကိုဖွင့်လိုက်မယ် ”
အဖြူသည် အလွန်နာကျင်လှသဖြင့် စစ်ဗိုလ်ပြောသည်ကို မကြားနိုင်တော့ပေ။
မိမိအား တစ်ကြိမ်တည်းပင် မသတ်ကြဘဲ သူလျှိုတို့ကိုသတ်နည်းအတိုင်း ညှဉ်း၍သတ်နေခြင်းကို အလွန်နာကျင်စွာ ခံရသူဖြစ်သဖြင့် နဖူးမှ ထောင်၍ ထနေသော နားထင်ကြောကြီးများမှာ အသားမှာ ဖောက်ထွင်းကာ ထွက်ပေါ်တော့မည်ဟန်ဖြစ်၍ နေလေ၏။
“ ဖေဖေတို့ ကိုမြတ်စိုးတို့ရယ် အဖြူဖြစ်ပုံကို မြင်လှည့်ကြပါဦး ”
ဟု အသံကုန်ဟစ်၍အော်လိုက်ရာ အသံမှာထွက်၍ မလာတော့ချေ။
“ နှစ် ”
ဟု ကျယ်လောင်သောအသံဖြင့် စစ်ဗိုလ်လည်း အော်လိုက်လေ၏။
စစ်သားလည်း မပစ်ရသေးသော ကျန်လက်တစ်ဖက်ကို လှမ်း၍ ပစ်လိုက်ပြန်လေ၏။
သေနတ်သံတစ်ချက်ထပ်ကြားရပြီး ထိုအချိန်တွင် ဗိုလ်မှူးလည်း သူ့သင်္ချိုင်းထဲသို့ဝင်၍ လာခဲ့လေ၏။
မလှမ်းမကမ်းမှ မြင်ရသော သင်္ချိုင်းများမှာ မိန်းမတစ်ယောက်အား သစ်ပင်တွင်ကပ်၍ ချည်နှောင်ထားပြီး ထိုမိန်းမရှေ့တွင် ရပ်နေသော စစ်ဗိုလ်သုံးဦး ဖြစ်လေ၏။
ထိုစစ်ဗိုလ်သုံးဦးမှာ မိမိဘက်သို့ ကျောပေးရပ်နေကြသဖြင့် မိမိအား မမြင်ကြပေ။
မိမိကသာလျှင် ထိုမိန်းမသင်္ချိုင်းကိုသော်လည်းကောင်း စစ်ဗိုလ်သုံးဦးကိုသော်လည်းကောင်း မြင်ရလေ၏။
လက်မလွန်မီ သိတန်သမျှသိအောင် လုပ်လိုသော ဇောဖြင့် ယခင်ကထက် ပိုမိုသွက်လက်သော ခြေလှမ်းဖြင့် အနီးသို့ချဉ်းကပ်လာခဲ့လေသည်။
“ မပြောဘူးလားဟေ့... သူလျှိုမ၊ မပြောနိုင်တော့ဘူးလား၊ မပြောနိုင်ရင် ”
စစ်ဗိုလ်လည်း ဆက်၍အမိန့်ပေးမည်လုပ်ပြီးမှ မိမိ၏နောက်မှ တစ်စုံတစ်ယောက်၏ပြင်းထန်လှသော ခြေသံကိုကြားရ၍ မိမိနှင့်တကွ စစ်သားနှစ်ဦးပါ လှည့်ကြည့်လိုက်ရာတွင် မိမိတို့၏ စစ်ဘက်ဆိုင်ရာဗိုလ်မှူးကြီးဖြစ်နေသဖြင့် လက်များကို နဖူးပေါ်သို့ အလျင်အမြန်တင်ကာ ခြေချင်း ခြေချင်းထိကြပြီး ရိုသေစွာ ဦးညွှတ်ကြလေ၏။
ဗိုလ်မှူးလည်းပြန်၍ ဆလံပေးပြီး သစ်ပင်တွင် ကပ်၍ချည်ထားသော ခေါင်းစိုက်စိုက်ကျနေသည့် ထိုမိန်းမအား ကြည့်လေ၏။
ထိုတွင်စစ်ဗိုလ်လည်း မိမိ၏တာဝန်ကိုဆက်၍ ယူမည့်ဟန်ဖြင့်–
“ ဟေ့ သူလျှိုမ ခေါင်းအောက်စိုက်နေပြီ၊ နဖူးကနေပြီး ကပ်ချည်လိုက်ဦး ”
ဟု အမိန့်ပေးလေ၏။
စစ်သားနှစ်ယောက်လည်း ပြေး၍ အဖြူ၏ ငိုက်စိုက်ကျနေပြီဖြစ်သော ခေါင်းကို ထူကာ သစ်ပင်တွင် နဖူးမှ သိုင်း၍ချည်လိုက်ကြ၏။
ထိုအခိုက် ဗိုလ်မှူးလည်း အံ့သြတုန်လှုပ်စွာဖြင့် နှုတ်မှလည်း–
“ အဖြူ ”
ဟု တစ်ခဲနက် အော်ဟစ်လိုက်ပြီးလျှင် နေကြဦးဟု တားမြစ်ကာ တစ်ဟုန်တည်း ပြေးလွှားလေသည်။
စစ်ဗိုလ်များသည် ကြီးစွာသော အံ့သြခြင်းဖြင့် နောက်သို့ အနည်းငယ် ဆုတ်၍ ရပ်လိုက်ကြလေ၏။
ဗိုလ်မှူးသည် အဖြူလက်ကိုချည်ထားသောကြိုး၊ ကိုယ်ကလေးကို ချည်ထားသောကြိုးဟူ၍ ကြိုးအမျိုးမျိုးရှိရာတွင် ဘယ်ကြိုးကို အရင်ဖြုတ်ရမည် မသိအောင်ဖြစ်နေသောကြောင့် စစ်ဗိုလ်များက ဝိုင်း၍ ဖြုတ်ပေးကြလေ၏။
ဗိုလ်မှူးလည်း နီရဲသော သွေးများဖြင့် နစ်မွန်းလိမ်းကျံလျက် ဖွေ့ကနဲ ပုံကျသွားသော အဖြူ့ကိုယ်ကလေးကို လှမ်း၍ ပွေ့ယူလိုက်ပြီးလျှင်–
“ အဖြူ ဘယ်လိုဖြစ်တာလဲ အဖြူရယ်၊ နောက်ကျလေခြင်း အဖြူ အဖြူရယ် ကိုမြတ်စိုးခေါ်တာကို ဖွင့်ကြည့်ပါဦး၊ အဖြူ အဖြူ ကိုမြတ်စိုးလေ ကိုမြတ်စိုး၊ အမယ်လေး အဖြူရယ် ”

www.burmeseclassic.com

ဟု ယူကျုံးမရဖြစ်ကာ စစ်ဗိုလ်အား လှမ်း၍ပြောလိုက်သည်။
" ဟော့ မင်းခါးမှာ လွယ်ထားတဲ့ ရေဘူးကိုဖွင့်ပြီး မျက်နှာကို မြန်မြန်ဖျန်းပေးစမ်း "
တစ်ဖန် မျက်နှာချင်း ပြန်အပ်ကာ–
" အဖြူ အဖြူ "
ဟု ခေါ်ပြန်လေ၏။
မကြာမီ သွေးဆုတ်၍ ဖြူဖပ်ဖြူရော်ဖြစ်နေသော အဖြူသည် အနည်းငယ်လူးလွန့်၍ လာလေ၏။
ထို့နောက် မျက်စိကို အသာဖွင့်ကာ စွင့်လျက် အပ်၍ထားသော ဗိုလ်မှူး၏မျက်နှာကို ကြည့်လေ၏။
ဒဏ်ရာမှာ အလွန်နာကျင်လှသဖြင့် တစ်ချက်မျှ ရှုံ့မဲ့လိုက်ပြီးလျှင် တစ်ဖန်ပြန်၍ မှိတ်ပြန်လေ၏။
စစ်ဗိုလ်များလည်း ဗိုလ်မှူးရှေ့တွင် ငြိမ်သက်စွာ စီတန်း၍ ရပ်နေကြလေ၏။
" အဖြူ အဖြူ ကိုမြတ်စိုးအဖြူရယ် ဖွင့်ကြည့်ပါဦး၊ ကိုမြတ်စိုးလေ ကိုမြတ်စိုး "
ဗိုလ်မှူးလည်း အသက်မရှူဘဲ လှိုက်လှိုက်လှဲလှဲ ပြောလေ၏။
အဖြူလည်း စိတ်ကို တင်းလိုက်ဟန်ဖြင့် မျက်စိကို ဖြည်းညင်းစွာဖွင့်လိုက်ပြီး "
" ကိုမြတ်စိုးဖြင့် ယူကျုံးမရတော့ဘူး အဖြူရဲ့၊ အဖြူ့အဖြစ်ကို ရှင်းပါပြီ၊ စစ်သားလေး ပြောလိုက်လို့ ဗိုလို့ပဲ ရှင်းပါပြီ ဖြူရယ် "
အဖြူလည်း တစ်ဖန် အားယူကာ
" ဖြူ့ အချစ်ကိုကော "
ဟု လေသံကလေးနှင့်မျှသာ မေးနိုင်လေ၏။
" လင်းပါပြီ အဖြူရဲ့၊ လင်းပါပြီ၊ အဖြူ လင်းလွန်းလို့ ကိုမြတ်စိုးမှာ တောက်လောင်ကုန်ပါပြီ "
ဟုပြောပြီး ဗိုလ်မှူးလည်း မိမိနဖူးနှင့် အဖြူနဖူးကိုငုံကာ ထိလေ၏။
" အဖြူသေရမှာ စောစောကလောက် ဝမ်းမနည်းတော့ပါဘူး "
အဖြူမှာ သွေးထွက်လွန်း၍ ပိုမို သွေးဆုတ်၍လာလေပြီ။ ဗိုလ်မှူးလည်း အဖြူဒီတောင်က
ကျော်နိုင်ပုံမပေါ်တော့မှန်းသိသေသော်လည်း
" ဖြူ ဖြူ မသေနိုင်ပါဘူး၊ ကိုမြတ်စိုး၊ ဖြူ့ကို ဆေးရုံကိုပွေ့ယူသွားမယ်၊ ဖြူ လာ "
အဖြူလည်း ဗိုလ်မှူး၏စကားမဆုံးမီ မယူနဲ့ဟူသော အဓိပ္ပါယ်ဖြင့် ခေါင်းကို အနည်းငယ်ယမ်းကာ ခဏမျှ
မှေးနေပြီးနောက် တစ်ဖန် ပြန်၍ ဖွင့်လိုက်ပြီး
" ဖြူ့ကို တစ်ဝက်ခွဲချစ်နေမယ့် အချစ်ကို တိုင်းပြည်ကိုပဲ ပုံချစ်ပါတော့နော် ဖြူတော့ ဒီအလှူတစ်ခုပဲ လုပ်
လုပ်နိုင်ပါတော့မယ် "
ထိုစကားများကို ပြောရာတွင် အဖြူမှာ သေနတ်ဒဏ်ကြောင့် ခံနေရသော ဝေဒနာထက် ပိုမိုပြင်းထန်သော ဝေဒနာကို
ခံနေရသကဲ့သို့ ရှိသည်ကို တွေ့ရလေ၏။
အဖြူ၏ မချိတင်ကဲဖြစ်ခြင်းမှာ သေနတ်ဒဏ်ရာထက် မိမိ၏ စွန့်လွှတ်ရသော အချစ်ဒဏ်က ပိုမိုပြင်းပြနေသည်ကို
ကာယကံရှင်သာ မဟုတ်၊ အနားက တွေဝေရပ်ကြည့်နေကြသော ဗိုလ်များ၊ တပ်သားများပင် သိရှိနိုင်ကြလေ၏။
မိမိတို့၏ အလောသုံးဆယ် ပြုမှုသည် ဤကဲ့သို့သော အခြေအနေကိုရောက်ရလိမ့်မည်ဟု
ကြိုတင်မသိသည့်အတွက်လည်း မိမိတို့ကိုယ်ကို ခွင့်လွှတ်နိုင်အောင်ဖြစ်ကာ ဆို့၍ဆို့၍တက်လာသော အလုံးကိုသာ
မသိမသာ ဖိနှိပ်၍ မျိုချနေကြရလေ၏။ အဖြူသည် ဗိုလ်မှူး၏တင်းကျပ်စွာ ပွေ့ပိုက်ထားသော လက်များနှင့်
ရင်အုံကြီးထဲတွင် အငြိမ်မနေ၍မရ၊ တွန့်လိမ်လူလွန့်၍ ငဖယ်ပျံ ပျံနေလေ၏။
ထိုသို့ လူးလွန့်တွန့်လိမ်နေခြင်း ဖြစ်ပေါ်စေသော ဝေဒနာက မိမိ၏တင်းကျပ်စွာ ပွေ့ဖက်ထားသော လက်များဖြင့်
အတင်းဖိနှိပ်ဖြိုခွင်းပေးရန်မှ တစ်ပါး အခြားမရှိတော့သောကြောင့် ဗိုလ်မှူးမှာ အဖြူအားပိုမို၍ တင်းကျပ်သည်ထက်
တင်းကျပ်စွာ ပွေ့ထားရလေတော့၏။
ထိုအတွင်းအဖြူမှာ ဝေဒနာသက်သာသွားသကဲ့သို့ တွန့်လိမ်လူးနေရာမှ ရုတ်တရက် ငြိမ်သက်သွားလေ၏။
သက်သာသည့် အရိပ်အယောင်ကလေးကို မြင်ရတော့မည်ဟု အားတက်လာကာ မျက်နှာကလေးကို
လှမ်း၍ကြည့်လိုက်ရာ မိမိထင်သည့်အတိုင်းမဟုတ်ဘဲ အဖြူမှာ အသက်ထွက်သွားလေပြီကို တွေ့ရလေသည်။
သို့သော် ဤမျှလောလောဆယ် ပူပူနွေးနွေးကြီး အသက်ထွက်သွားခြင်းကို စဉ်းစား၍မရ၊ ယုံ၍မရဖြစ်ကာ
ပိုမိုတင်းကျပ်စွာ ဖက်ထားမိရင်း
" ဖြူ ဖြူ မျိုးချစ်မကြီးရေ "
ဟု အမိလိုက်၍ ကသောကမျော ခေါ်လေ၏။
သို့သော် မိမိ၏အသံသည် အဖြူ့ဆီသို့မရောက်၊ အဖြူအားလိုက်၍ မမီနိုင်တော့သည်ကို တွေ့လိုက်ရရာ
" အဖြူ အဖြူ "
ဟု ဗိုလ်မှူးလည်း မြည်တမ်းလိုက်ရင်း အဖြူ့ရင်ခွင်ပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားလေ၏။
ဗိုလ်မှူးဘေးနှင့် အဖြူ့ဘေးတွင် ရပ်၍နေကြသော စစ်ဗိုလ်များလည်း အဖြူ အသက်ထွက်သွားပြီဖြစ်၍
မည်သို့လုပ်ရမည်မသိဘဲ တိတ်ဆိတ်စွာ ခေါင်းငုံ့၍ နေကြလေ၏။
အတန်ကြာမှ ဗိုလ်မှူးသည် မိမိခေါင်းကို ဖော်ကာအလောင်းကို မြေပေါ်သို့ ညင်သာစွာ ချလေ၏။
ထိုသို့ချပြီးလျှင် ဗိုလ်မှူးသည် အဖြူ့အားစိုက်၍ ကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

သေလေပြီဖြစ်သော အလောင်းဟူ၍သိလျက်နှင့်ပင်အဖြူ အဖြူအဖြူပဲဟု စိတ်ထဲတွင် စွဲ၍ နေသေးသောကြောင့် အဖြူနှင့်အလောင်းကို ခွဲမရ၍ အဖြူ့ကိုသာ အမှတ်ရနေလေ၏။

အလောင်းကိုမမြင် အဖြူ့ကိုသာမြင်လျက် အဖြူ့ကိုသာ ကြည့်၍မဝတိုင်း စူးစိုက်ကြည့်ရှု့နေမိလေ၏။

သေနတ်ဒဏ်ရာကိုအဖြူ ယခုတိုင် ခံစားနေရသကဲ့သို့ အောက်မေ့မှတ်ထင်ကာ လက်ကလေးနှစ်ဖက် ယုယစွာကိုင်တွယ် ဖျစ်ညှစ်နှိပ်နယ်ပေး နေမိလေ၏။

အဖြူသေပြီလေ၊ သေပြီဟူသော အတွေးကို မိမိလက်မခံ၊ အတင်းသာ ဖယ်လှန်ပယ်ရှား၊ ပစ်နေရာတွင် မင့်အဖြူဟာ သေပြီလေ။ အရှင်မဟုတ်တော့ဘူးဟု အတင်းပြန်လှန်နေသည့် အသိတရား၏အင်အားသည် မိမိခုခံနိုင်သည်ထက် ပိုမိုအင်အားကြီးမားလာသည်ကို တွေ့ရလေ၏။

မိမိက တံခါးကို တစ်ယောက်တည်းဆီး၍ ပိတ်ဆို့နေရာတွင် လူပေါင်းများစွာက တစ်ဖက်က အတင်းစောင်းဖွင့်တွန်းတိုးနေသည့်အတွက် မိမိတွန်းရင်း ပိတ်ရင်းပင် တံခါးမှာ တအား ပွင့်ပွင့်လာသလို ဖြစ်နေသည်ကို တွေ့ရလေ၏။

ဤတွင် ဗိုလ်မှူးလည်း ဆုပ်နယ် ဆွဲကိုင်၍ထားသော လက်ကလေးများကို အရှိန်တဖြည်းဖြည်းကလေးဖြင့် မြေပေါ်သို့ ချလိုက်လေ၏။

အလောင်းအပါးမှ ခွဲခွာတော့မည်ဟန်ဖြင့် ဒူးထောက်နေရာမှ လေးလေးပင်ပင်ကြီးထ၍ ရပ်လိုက်ပြီးလျှင် ထွက်ခွာသွားတော့မည်ဟု တင်းမာစွာ စိတ်ကို ပိုင်းဖြတ်လိုက်သည်။

သို့သော် ခွာ၍မရ၊ အဖြူ့မျက်နှာကလေးကို မကြည့်ဘဲလည်း မနေနိုင်၊ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းလည်း ခွဲခွာရတော့မည်ဟူသော အသိတရားက မိမိအား ယိုင်တိမ်းလုမတတ် သွက်သွက်ခါမျှ တုပ်လှုပ်သွားစေသောကြောင့် စိတ်ညှို့ခံရသော လူတစ်ဦးကဲ့သို့ မလှုပ်နိုင်မယှက်နိုင် မတ်တတ်ကြီးရပ်လျက် အလောင်းကိုသာလျှင် တွေတွေကြီးကြည့်နေလေတော့၏။

ရွှေရောင်တောက်နေသော နေဝင်ချိန်တွင် သူ့ဘောင်းဘီနှင့်ခြေစွပ် ဖိနပ်ရှည်ကြီးမှာ သွေးခြင်းခြင်း နီးနေလေသည်။

သူ့အင်္ကျီမှာလည်း သွေးရောင်တွေ လျှမ်း၍ နီရဲနေလေသည်။

သူ့လက်မှာလည်း သွေးများ လိမ်းကျံလျက်ရှိချေ၏။

သူကား မလှုပ်မယှက်ရပ်လျက် ကြည့်လျက်ပင်–

ဝင်းတောက်၍နေသော နေကလေးသည် တဖြည်းဖြည်းမှုန်ရီ၍လာလေပြီ။ ထိုနေကလေးမှုန်ရီရီတွင် မိုးသားကလေးများ အုံ့မှိုင်းလျက်တောင် တစ်ရိုးလည်း မြူခိုးများ ဆိုင်း၍ မှိုင်းဝေနေသဖြင့် အပူရှိန်မှာ များစွာသက်သာရာ ရသင့်ပါလျက်နှင့်ပင် ရင်ထဲတွင် တောက်လောင်လျက်ရှိသော အပူမီး၏အရှိန်မှာ အပြင်က အအေးငွေ့ကလေးများတက်လာလေလေ ပိုမိုပြင်းပြလာလေလေဖြစ်ကာ အပူစိုင်အပူခဲကြီး ပကတိဖြစ်နေလေ၏။

လောကဓါတ်ကြီး၏ မြူကလေးမျာက တဖြည်းဖြည်း စိုးမိုးလာနေ၏။ မိမိချစ်သွေး၊ နှမြောသွေး၊ ယူကျုံးမရသွေးများက ရေတံခွန်ကဲ့သို့ အဆီးအတားမရှိ တရဟော ကျသွန်သကဲ့သို့ ဖြစ်နေလေ၏။

အဝေးမှ တအော်အော် တကြော်ကြော်ဖြင့် ပျံသန်းလာသောကျီးကန်းတစ်အုပ်သည် သုသာန်သစ်ပင်များပေါ်သို့လွှားကနဲရောက်လာနားကြလေ၏။

ပထမ၌ တအာအာ တစာစာဖြင့် ဆူညံနေသော်လည်း မီးကို ရေနှင့် သတ်လိုက်သကဲ့သို့ အဖြူ၏ အလောင်းကို မြင်သည်နှင့် တစ်ပြိုင်နက် တစ်ခဲနက် ငြိမ်သက်သွားကာ ဘယ်လိုဖြစ်နေသည်ကို အကဲခတ်သည့်အလား တစ်ပြိုးလုံး ဝိုင်းအုံကြည့်ရှုနေကြလေ၏။

သုသာန်တွင်လူများ၊ ငှက်များရှိလျက် တိတ်ဆိတ်ခြင်းမှာ ၄င်းဘာသာနေရင်း တိတ်ဆိတ်ခြင်းထက်ပို၍ ထူးခြားတိတ်ဆိတ်သော အသွင်ကို ဆောင်နေလေ၏။

စစ်ဗိုလ်များမှ ဗိုလ်မှူးအား စကားလည်း မပြောဝံ့၊ ခေါ်လည်း မခေါ်ဝံ့ကြသဖြင့် တွေ၍သာကြည့်နေရာမှ မိုးချုပ်လာ၍ တဖြည်းဖြည်း လပင် ထွက်ပြုလာပြီဖြစ်ခြင်းကြောင့် ပြန်ချိန်တော်ပြီဖြစ်သည့်အတိုင်း မိမိတို့ဘာသာ တီးတိုးတိုင်ပင်ကြပြီးလျှင် တပ်သားတစ်ယောက်ကို ထားခဲ့ကာ အခြားနှစ်ယောက်မှာ ဆောင်ရွက်ရန် ဝတ္တရားများ ရှိသေးသဖြင့် စစ်တပ်သို့ အသံမကြားရအောင် ခဏပြန်ကြလေ၏။

ဗိုလ်မှူးသည် ထိုအခြင်းအရာတွေကို မသိ၊ ဘာကိုမျှလည်းမကြည့်၊ အလောင်းကိုသာလျှင် စူးစိုက်၍ ကြည့်နေလေ၏။

လရောင်ကလေးကလည်း တဖြည်းဖြည်း လင်းထိန်သည်ထက်လင်းထိန်တောင်ပ၍ လာလေ၏။

ဤတွင်မှ သတိဝင်လာသကဲ့သို့ ကိုယ်ကိုကုန်းကာ အလောင်းကို ပွေ့ချီယူလိုက်ပြီးလျှင် လာခဲ့သော လမ်းဘက်သို့ ပြန်ထွက်ရန် မိမိကိုယ်ကို လှည့်လိုက်ရာတွင် ဆိတ်ငြိမ်စွာ ရပ်ကြည့်နေသော အစောင့်စစ်သား၏ အံ့ဩသော အမူအရာကို မြင်ရကာမှ မြို့ဘက်သို့ ယူလို့ မတော်လေဘူးဟု သတိတစ်ဖန်ရရာ ထိုအလောင်းကို ပွေ့လျက်ပင် တစ်စုံတစ်ခုကို ရှာသကဲ့သို့ သုသာန်အတွင်းရှိသော ဂူများဆီသို့ ရှေ့ရှုလှည့်လည်၍ သွားနေလေသည်။

တစ်ဂူပြီးတစ်ဂူနားသို့ကပ်ကာ ကပ်ကာ ရပ်၍ကြည့်ပြီးမှ နောက်ဆုံးတွင် တရုတ်သင်္ချိုင်းဂူကြီးတစ်ဂူကို လှမ်း၍မြင်လိုက်သဖြင့် ထိုကျယ်ပြန့်သော ဂူကြီးနားသို့သွားကာ အလောင်းကို ထိုဂူကြီးပေါ်သို့ ဖြည်းညှင်းစွာတင်လေ၏။

ထိုသို့တက်ပြီးလျှင် လျင်မြန်စွာ မိမိအပေါ် အင်္ကျီကိုချွတ်ကာ ခေါက်၍ ခေါင်းအောက်သို့ ခုပေးလေ၏။

သူ၏ အမူအရာမှ အိပ်နေသောသူကလေးကို ခေါင်းအုံးခု၍ပေးရာတွင် နိုးသွားမည် စိုးသကဲ့သို့ အလွန်ပင် ညင်ညင်သာသာကလေး ပြုမူနေသော အမူအရာဖြစ်လေရာ လှမ်း၍ကြည့်နေသော စစ်သားလည်း ဆို့နင့်သွားပြီး

www.burmeseclassic.com

မျက်စိများကို စုံမှိတ်လိုက်သည်။
သူသည် သူ့ကိုယ်ကို ဂူတွင်မှီကပ်ချက် အလောင်းကို လက်တစ်ဖက်ဖြင့် ဖက်၍ထားပြီး လက်တစ်ဖက်မှာ တောက်ပနေသည့် လရောင်အောက်တွင် လှုပ်လှုပ်လဲ့လဲ့ မြင်ရသောလေထဲတွင်လွင့်၍နေသည့် ဆံစကလေးများကိုသပ်ရင်း မျက်နှာကလေးကို အပ်၍ကြည့်ကာ တစ်စုံတစ်ရာကို တွေး၍နေသကဲ့သို့ ငြိမ်းနေလေ၏။
ထိုသို့ငြိမ်သက်စွာ နေရင်းမှ
“ ဖြစ်ရလေ ဖြူရယ် ”
ဟု ညည်းညူရင်း ပြင်းစွာ တောက်ခေါက်လိုက်လေ၏။
ထိုညသည် အလွန်တိတ်ဆိတ်သော ညဖြစ်လေ၏။
အထူးသဖြင့် ထိုသုဿန်တွင် ညသည် ပို၍တိတ်ဆိတ်နေလေ၏။
အလောင်းမှာလည်း ငြိမ်သက်လျက်အလောင်းဘေးမှ ရပ်နေသူကလည်း အလောင်းကဲ့သို့ပင် ငြိမ်သက်ချက်ရှိခြင်းကြောင့် တိတ်ဆိတ်သည့်အရပ်တွင် ပို၍ တိတ်ဆိတ်နေလေရာ စစ်သားအားခြောက်၍ နေသကဲ့သို့ ရှိနေ၏။
ထိုသို့ရှိစဉ် ပြင်းထန်လှသော တောက်ခေါက်သံမှာ စောစောက မိမိပစ်လိုက်သော သေနတ်သံထက် ပြင်းထန်၍သွားသလို စစ်သား၏စိတ်ထဲတွင် ထင်မှတ်တုန်လှုပ်မိသဖြင့် အဖော်များကလည်း ယခုတိုင် မလာသေး၍ သွားခေါ်မှတော်ချေမည်ဟု အောက်မေ့ကာ စစ်သားလည်း သုဿန်တွင်းမှ စစ်တပ်ဆီသို့ အသံမကြားရအောင် ခြေကို ဖော့နင်းကာ စုတ်ခြေတင်ခဲ့လေ၏။
မျက်နှာကလေးကို ရှုမဝနိုင်တိုင်းစိုက်၍ ကြည့်နေမိသည်မှာ မည်မျှကြာသည်မသိ၊ လင်းလင်းထင်းထင်းဖြစ်နေရာမှ တစ်ချက်တစ်ချက် မျက်နှာကလေးမှာ မိမိ မျက်စိအောက်မှ ပျောက်သွားသလိုလို မမြင်ရတော့ဘဲ ဖြစ်သွားလေ၏။
မျက်စိကို အထူးအားစိုက်ကြည့်မှ မသဲမကွဲ မြင်ပြန်လေ၏။

တစ်ခါတစ်ခါ မျက်စိကို အထူးအားစိုက်၍ ကြည့်စေကာမူ မမြင်ရသလိုလိုဖြစ်သည်ကို တွေ့ရပြီးနောက် မျက်နှာကလေးမှာ မျက်စိအောက်က မှိန်မှိန်၍ ပျောက်သွယ်သွားသောကြောင့် အထိတ်တလန့်ဖြစ်ကာ ကောင်းကင်သို့ မော့ကြည့်လိုက်ရာ ကောင်းကင်တွင် လကို တိမ်းမည်း တိမ်လိမ်များ တရိပ်ရိပ်ဖုံးကွယ်၍ နေခြင်းကို မြင်ရလေ၏။
အောက်သို့ တစ်ဖန် ငုံ့၍ကြည့်လိုက်ရာ ဂူလုံးသဏ္ဍာန်မှတစ်ပါး အဖြူ့ကိုယ်ကလေးကို ကောင်းစွာ မမြင်ရ၊ မှောင်ကျနေသည်ကို တွေ့ရလေ၏။
မိမိချစ်သူ အလောင်းကလေးကို ရှုမဝနိုင်ဖြစ်ရာတွင် လကလေးသည် မိမိ၏အလင်းရောင်ကို ကူညီပေးရာမှ ယခုတိမ်မည်းတိမ်ပုပ်များဖြတ်ကျော် ကျူးနင်းကာ လမင်းကို ဖုံးအုပ်လိုက်သည့်အခါ အကယ်၍လက်လှမ်းမှီလျှင် ထိုတိမ်လိပ်တိမ်ပုပ်များကို ဆွဲ၍ ဖယ်ရှားပစ်လိုက်မိမည်သာ ဖြစ်လေ၏။
သို့သော် မမီသည့် ကိစ္စဖြစ်၍ သင်းတို့ ကျော်လွန်ကာ လကလေးကို ချမ်းသာပေး၍ ထားခဲ့မည့်အချိန်ကိုသာ သည်းခံ၍စောင့်နေရမည်ကဲ့သို့ဖြစ်ကာ ဘယ်တော့မှ လွတ်မည်ကို မော့၍ ကြည့်နေရတော့လေ၏။
မကြာမီ တိမ်လိပ်တိမ်မည်းများလည်း တရိပ်ရိပ်ဖြင့် လကို ကျော်ဖြတ် သွားကြလေ၏။
ထိုအခါ လမှာ စောစောကကဲ့သို့ ထွန်းလင်းတောက်ပလာလေပြီ။ သူသည် ဆောလျင်စွာ မျက်နှာကလေးကို ငုံ၍ကြည့်လိုက်ရာ မျက်နှာကို သဲကွဲစွာ သူမမြင်၊ မျက်စိမှာ ရီဝေနေ၍ မျက်ရည်ကြောင့်လော၊ နှင်းကြောင့်လောဟု ဝေခွဲ၍မရအောင် ဖြစ်ကာ ပင့်သက်ကြီးများ ရှုရှိုက်ကာ ရွှဲရွှဲစိုနေသော မျက်နှာကို အလောင်းမျက်နှာပေါ်သို့ မှောက်လိုက်လေတော့၏။
ကိုယ်ရံတော်တပ်သားများနှင့် စစ်ဗိုလ်များသည် သူ့နောက်တွင်ရောက်၍ နေကြပြီဖြစ်လေရာ သူလုပ်သမျှ သူ့ဖြစ်အင်ကို ကြည့်လည်း မကြည့်နိုင်၊ မြင်လည်းမမြင်နိုင် ဖြစ်ကြကာ အသံမျှ မပေးဝံ့ကြပဲ တိတ်ဆိတ်စွာ ရပ်၍ နေကြလေ၏။
သို့သော် တာဝန်မှ တာဝန်ဖြစ်စေရကာ ကိုယ်ရံတပ်သား တစ်ဦးသည်အရဲစွန့်ကာ ရှေ့သို့တိုးလာကာ
“ ဗိုလ်မှူးစစ်တပ်မိုးလင်းရင် စစ်ချီဖို့ ဗိုလ်ကြီးတို့ စောင့်နေကြပါလိမ့်မည် ” ဟု ပြောလေ၏။
သူသည် ထိုအသံကြားရသော်လည်း မကြားရသကဲ့သို့ မတုန်မလှုပ်ပဲ နေပြီးမှ မိမိချီတက်ရမည့် စစ်ကြောင်းကို မသွားလျှင် မဖြစ်သကဲ့သို့ သတိရပြီး မျက်နှာကို တဖြည်းဖြည်းခွာကာ လေးလံစွာထ၍ ရပ်လေ၏။
ဂူကြီးပေါ်တွင် ကစောင်းဟန်ကလေးဖြင့် တင်၍ထားသော အလောင်းကလေးကို သူသည် မိမိအရောင်ဖြင့် အစွန်းကုန်လင်း၍ ပြနေလေ၏။
ဗိုလ်မှူးသည် မိမိဦးထုပ်ကို ဖြည်းညင်းစွာ ချွတ်ကာ အလောင်းကို ဦးညွှတ်လေ၏။
စစ်ဗိုလ်များနှင့် ကိုယ်ရံတပ်သားများလည်း ဗိုလ်မှူးလုပ်သကဲ့သို့ လိုက်၍ဦးညွှတ်ကြလေသည်။
ဗိုလ်မှူးသည် မိမိဦးထုပ်ကို ပြန်၍စွပ်ကာ အမိန့်ပေးမည့်ဟန်ဖြင့် စစ်ဗိုလ်များဘက်သို့လှည့်၍ ခြေချင်းရိုက်ကာ စုရပ်လိုက်လေ၏။
စစ်ဗိုလ်များလည်း သူ့အား တစ်ပြိုင်နက် ဦးညွှတ်ကြလေ၏။
ဗိုလ်မှူးက
“ ဗိုလ်ရဲလှ အမှားကြီး မှားပြီ၊ ပြင်လို့ဖြင့် မရတော့ဘူး၊ အပြစ်မတင်ချင်ပါဘူး၊ သူ့ကံက သူ့ကို စီရင်သွားတာပါပဲ၊ ဒီအလောင်းကို မနက်လင်းရင် ကောင်းကောင်းမွန်မွန် မြှုပ်လိုက်ပါ၊ မြှုပ်ပြီး အုတ်ဂူ လှလှပပ ခိုင်ခိုင်ခံ့ခံ့သွင်းပြီး “ ရုပ်ရည်ဖြူသလောက် စိတ်ဖြူသူ(အဖြူ) ” ဆိုပြီး ကမ္ပည်းထိုးပါ၊ ကျုပ်စစ်တိုက်သွားလို့ မသေဘဲ တစ်နေ့ ဒီနေရာကို

www.burmeseclassic.com

ပြန်လာရရင် ပြုံပြုံပြင်ပြင်နဲ့ မွမ်းမံထားတဲ့ ဒီဂူကို ကျုပ်တွေ့ပါရစေ၊ ဒီဂူကိစ္စကို အမြန်ဆုံးပြီးအောင်လုပ်ပါ။
သူ့ဆွေမျိုးတွေ ရှိရင်လဲ စုံစမ်းပြီး အကျိုးအကြောင်းကို ကိုယ်တိုင်ပြောပြပါ၊ ပြီးရင် စစ်တပ်ကို ဒီမြို့က အမြန်ရွှေ့ပါ ”
ဗိုလ်ရဲလှလည်း အမိန့်ကို ဦးညွှတ်ကာ နာခံပြီး
“ စိတ်ချဗိုလ်မှူး အကောင်းဆုံးနဲ့ အမြန်ဆုံးဖြစ်အောင် လုပ်ပါမယ် ”
ဟု မျက်ရည်များ ကျဆင်းကာဖြင့် ဝန်ခံလေသည်။

ဗိုလ်မှူး၏ ဖြူရော်ရော်ဖြစ်နေသော မျက်နှာကြီးသည် ရုတ်တရက် နီမြန်းလာကာ အလောင်းကို တစ်ချက်လှည့်၍
ကြည့်လိုက်ပြီး ခေါင်းကို အမြန်ဆုံးငုံ့ပစ်လိုက်ကာ ခေါင်းစိုက်စိုက်ဖြင့် ထိုနေရာမှ ထွက်ခွာသွားလေသည်။
အလွန်ကျက်သရေရှိလှသည့် မျက်နှာကလေးကို မော့လျက် အလွန်ကြည်လင်တောက်ပသည့် မျက်လုံးနှစ်သွယ်ကို
စုံမှိတ်ကာဖြင့် ပြုံးမဲ့မဲ့ကလေး လဲလျောင်းနေသော အမူအရာကလေးကို နောက်ဆုံးတစ်ချက်မျှသာ မြင်လိုက်ရသော်လည်း
ခေါင်းငုံ့ထားသော ထိုအတွင်းမှာပင် ထိုအမူအရာကလေးမှာ မိမိမျက်စိအောင်တွင် မပျောက်မကွယ်
ပေါ်ပေါက်လျက်ရှိနေသောကြောင့် သုသာန်ဝတွင် မည်သို့ ခရီးဆက်ရမည်မသိ၊
တွေတွေကြီးသာ ရပ်နေမိလေ၏။
ထိုအခါ ကိုယ်ရံတော်တပ်သားများလည်း စစ်တပ်သို့အလျင်အမြန်ပြေး၍ ကားကိုမောင်းယူလာကာ ဗိုလ်မှူးရှေ့တွင် ရပ်၍
ဗိုလ်မှူးတတ်ရန် ကားတံခါးကို ဖွင့်ပေးလိုက်လေသည်။ ဗိုလ်မှူးလည်း သုသာန်ဆီသို့ ရော်ရမ်းကာကြည့်လိုက်ပြီးလျှင်
ကားထဲသို့ ကိုယ်ကိုပစ်လှဲချလိုက်လေ၏။ ကားလည်း ထွက်ခဲ့လေပြီ။
ဖြူဖွေးသော သုသာန်လမ်းမကြီးသည် သူ့နောက်တွင် မီးခိုးဝေ၍ ကျန်ရစ်နေခဲ့လေ၏။ သူကား
ခေါင်းကိုနောက်သို့မှီပြီးလျှင် မျက်စိကို စုံမှိတ်၍ ထားလေ၏။
လွတ်လပ်ရေးအောင်ပန်းကို ဆွတ်မယ်။ လွတ်လပ်ရေးအောင်ပွဲကို ဆက်မယ်ရယ်လို့ ခဲလာတာဟာ အခုတော့
ငါ့အချစ်ဆုံးသူကလေး မရှုမလှသေရဖို့ဖြစ်နေပါရော့လား။ ငါရတဲ့အောင်ပန်းကို သူ့ခေါင်းကလေးပေါ်မှာ
ကျက်သရေရှိရှိပန်ထားရအောင် ဆင်လိုက်မယ်လို့ ငါခဲသမျှ အခုတော့ အလကားဖြစ်ကုန်ပြီ၊ ငါ့အောင်ပွဲကို ငါနဲ့အတူ
ဘယ်သူခံစားတော့မလဲ။ ငါ့အောင်ပွဲကြောင့် ကနေ့ပြည်သူပြည်သားတွေမှာ သိပ်ဝမ်းသာစရာဖြစ်မှာပဲ။ ဒီလို
သိပ်ဝမ်းသာကြီး ဝမ်းသာနေကြတဲ့အချိန်မှာ ငါသူတို့လို ဝမ်းသာနိုင်ပါတော့မလား။ ငါ့များနှယ်
ဆန်းကြယ်လှပါကလား။ သူများကိုတော့ စိတ်ပျော်ရွှင်မှု ပေးဖို့ လုပ်ရမယ်။ ကိုယ့်ဟာကိုယ်တော့ မလုပ်နိုင်ဘူးဟု
တသီတတန်းကြီး တွေးတောနေလေ၏။
ကိုယ့်ကိုယ်ကို အမျိုးမျိုးဆန်းစစ်မိ၏။ ငြိုငြင်မိလေသည်။ သို့ဖြင့် အာရုံကျင်းခဲ့၍ အလင်းရောင်များ
ထွက်ပြူလာလေသည်။
ကားမှာ အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာခဲ့ရာ လင်းလျှင် လင်းချင်းတပ်ရင်းအနီးသို့ ချဉ်းကပ်လျက်လာလေ၏။
ဗိုလ်မှူးလည်း မိမိတပ်ရင်းအနီးသို့ချဉ်းကပ်လျက်လာလေ၏။ ဗိုလ်မှူးလည်း မိမိတပ်ရင်းကို မြင်ရကာမှ မိမိကိုယ်ကို
ကားနောက်မှီမှခွာပြီးလျှင် စစ်ရုပ်အင်္ကျီအတွင်း နာရီအိတ်ကလေးထဲမှ အမြဲတစေ ထည့်ထားသော အဖြူ၏
လက်ဖွဲ့ကလေးကို ထုတ်၍ ဖြန့်ကြည့်လိုက်ရာတွင်...။
လက်ဝါးပေါ်တွင် အလိုက်သင့်လဲ၍နေသော ရွှေလက်ဖွဲ့ကလေးကို သူမမြင်၊
လက်ဖွဲ့၏အလျားလိုက်ပုံပုံကလေးခွေလဲ၍နေသော အဖြူ့အလောင်းကိုသာလျှင် သူ့လက်ဝါးပေါ်တွင်
သူမြင်ရလေတော့သတည်း။

ဂျာနယ်ကျော်မမလေး